မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး **Colonel, Sanusi Bin Hashim** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Colonel, Sanusi Bin Hashim နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Gan Seng Lock တို့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel, Gan Seng Lock** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး **Colonel, Sanusi Bin Hashim** နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel, Gan Seng Lock** တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

30-9 (01).pmd 1 9/29/2009, 2:36 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်)

ပြည်ထောင်စုတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတိုးမြှင့်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တံတားများတည်ဆောက်ခြင်း၊ ကားလမ်းများဖောက်လုပ်ခြင်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့အထိ နိုင်ငံတော်အစိုးရက ပေ၁၈၀အထက် တံတားအစင်း၂၃၀၊ ပေ၁၈၀အထက် ရထားလမ်းတံတားကြီး ၄၉စင်းအပါအဝင် ရထားလမ်းတံတား ၄၅၅၂စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ရခိုင်ပြည်နယ်နှင့် ဧရာဝတီအနောက်ဘက်ခြမ်းအထိ ဆက်သွယ်သွားလာနိုင်ရန် စစ်တွေ-ပုဏ္ဏားကျွန်း၊ ကျောက်တော်-မြောက်ဦး-မင်းပြား မြို့များမှစ၍ အမ်းမြို့အထိ ရထားလမ်းဖောက်လုပ်ရန်နှင့် အမ်းမှတစ်ဆင့် ဧရာဝတီအနောက်ဘက်ခြမ်းရှိ ရထားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည် ဖြစ်သည်။

ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် အလယ်ပိုင်းမအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို အလွယ်တကူ ကူးလူးဆက်သွယ်နိုင်မည်ဖြစ်ပြီး ဖောက်လုပ်ပြီးစီးပြီးဖြစ်သည့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသည် နေပြည်တော်မှ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့အထိ သွားရောက်နိုင်ပြီး တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲအထိ ခရီးဆက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အလေးထားဖြည့်ဆည်းပေးလျက်ရှိရာ ယခုအခါ ပြည်နယ်နှင့်တိုင်းများအတွင်း အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်လာမည့် ရထားလမ်းနှင့်ကားလမ်းပါ ဧရာဝတီတံတား(ပခုက္ကူ) ဖောက်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် ရထားလမ်းနှင့်ကားလမ်း နှစ်လမ်းပါဝင်သော တံတားအမျိုးအစားဖြစ်၍ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ညောင်ဦးမြို့နယ် လက်ပံချေပေါ်ကျေးရွာအနီးမှ ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း ပခုက္ကူမြို့တို့အကြား ပေါင်းကူးဆက်သွယ် တည်ဆောက်မည့်တံတားဖြစ်ပြီး ပင်မတံတားအရှည် နှစ်မိုင်ကျော်ရှိမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြားအလပ်မရှိ အကောင်အထည်ဖော်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် တက်ညီလက်ညီ တက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) စတုတ္ထအကြိမ် စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

၁၃၇၁ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့) အောက်တိုဘာ ၃ရက် (စနေနေ့)တွင် ဓနုဖြူမြို့နယ် ကျိုက္ကလွန်ဘုန်းစေတီတော်ဝင်း၌ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်၊ ငရုတ်စသော လှူဖွယ်ပစ္စည်းများအား စုပေါင်းလှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ၊ စေတနာရှင်များသည် ဦးလှမြင့်(ရွှေဟသာ) ဖုန်း-၂၅၂၇၉၃ နှင့် ဦးကျော်ရီ(အတွင်းရေးမှူး) ဖုန်း-၅၄၁၈၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

လှိုင်သာယာ-ဒလ-တွံတေးလမ်းအခြေအနေ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် စက်တင်ဘာ ၂၇ရက် မွန်းလွဲပိုင်းက လှိုင်သာယာ-ဒလ-တွံတေးလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်ရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းအင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်ချက်များ မှာကြားပြီး အခြေခံကျောက်လွှာခင်းနေမှု၊ ပန်းလှိုင်တံတား ကွဲ့ခိုင်မှု၊ ပဒန်ရေကျော်၊ ခတ္တိယကျေးရွာချင်းဆက် မြေသားလမ်း ဆောင်ရွက်မည့် လမ်းအူကြောင်းနှင့် လှိုင်သာယာ-ဒလ-တွံတေးလမ်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တွံတေးတံတား ကွဲ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄နာရီက အောင်ဆန်းအားကစားကွင်း၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ဆုရရှိသောအသင်းများအား တစ်ဦးချင်းဆုနှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**နေမဝင်ခင်အထုပ်ပြင်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၂၁)
၈:၃၀	Sports World (Football Asia)
၈:၅၅	Industrial Talk
၉:၂၀	အားကစားမြင်ကွင်းစုံ
၁၀:၁၀	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၀:၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဒေါ်ရှယ်လီထွား)
၁၁:၀၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ပိုပြီးချစ်မယ့်မနက်ဖြန်**
၁၁:၃၀	Activities in the City (Park Royal Wedding Fair - 2009 နှင့် Lavender ချည်သားအိပ်ရာခင်းများ)
၁၁:၄၅	ဗီဒီယိုပြခန်း
၁၂:၀၅	တေးဂီတအစီအစဉ်
၁၂:၁၅	Orchard Families (အပိုင်း-၂)
၁၂:၄၅	များများသယ်၊ မြန်မြန်ပို့ ပြည်သူတွေစိတ်ချမ်းသာဖို့
၁:၀၀	**နေမဝင်ခင်အထုပ်ပြင်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၂:၀၀	MRTV-4 သတင်း
၂:၅၅	စကားနပန်း (အားကစားလုပ်တာကောင်းတယ်၊ အားကစားမလုပ်တာကောင်းတယ်)
၃:၅၅	ကျောက်ကပ်နှင့် ကျောက်ကပ်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ငွေး)
၄:၂၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ပိုပြီးချစ်မယ့်မနက်ဖြန်**
၄:၅၀	MRTV-4 ကျန်းမာရေးကဏ္ဍ (OA ဒူးနာရောဂါအကြောင်း) (အပိုင်း-၂)
၅:၁၀	Activities in the City (Park Royal Wedding Fair-2009 နှင့် Lavender ချည်သားအိပ်ရာခင်းများ)
၅:၂၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဓာတ်ပုံထဲမှအမှတ်တရများ (သရုပ်ဆောင်ခင်လေးနွယ်နှင့် တွေ့ဆုံခြင်း)
၆:၄၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize)
၇:၁၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဒေါ်ရှယ်လီထွား)
၇:၄၅	ဗီဒီယိုပြခန်း
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (အားကစားလုပ်တာကောင်းတယ်၊ အားကစားမလုပ်တာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ**(အပိုင်း-၂၁)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ် AFC Champions League (Bunyodkor Vs Pohang Steelers)
၁၁:၄၀	Industrial Talk
၁၂:၀၅	ခေတ်မီအလှဆင်အိမ်ဒီဇိုင်းသွင်ပြင်
၁၂:၁၅	**မေတ္တာရောင်ပြန်** ဇေယျာ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၁၂:၃၀	ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းစေသည့် ချစ်သူလှျပ်စစ်မြစ်ရေတင်လုပ်ငန်း
၁၂:၄၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးဖစုနှင့်အဖွဲ့ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အတွင်း ခြင်ခိုအောင်းနိုင်သောနေရာများနှင့် ရေမြောင်းများကို ခြင်ဆေးဖျန်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၃၀-၉-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မေးမြန်းစူးစမ်း
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀	၉။	ကျန်းမာသုတ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ကာတွန်းအစီအစဉ် **မော်ဆရာနှင့်ပင်လယ်နတ်သမီး** (အပိုင်း-၉)
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောအရာ**(အပိုင်း-၉)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်အတွင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမူးယစ်(အထူး)အဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ်အတွင်း သတင်းအရ ရှင်းလင်းဆောင်ရွက်စဉ် စက်တင်ဘာ ၂၈ရက်၌ ရင်ရှင်းရွာတောင်ဘက် တောင်ကုန်းအနီးရှိ ကျောက်ဂူအတွင်းမှ WY စာတန်းပါ(ပန်းရောင်) စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၁၇၅၀ပြား၊ မက်သာအက်ဖီတမင်းပုံဆောင်ခဲ ၁၀၀ဂရမ်ပါ တစ်ဘူး၊ အက်ဆီတစ်အက်စစ် အဖြူရောင်အမှုန့် ရှစ်ကီလိုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်းနှင့် ထိုမူးယစ်ဆေးများသည် မူးယစ်တရားခံပြေးများနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသည်ဟူသောသတင်းအရ ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဓာတုပစ္စည်းများ

လောက်ကိုင်မြို့နယ် ရင်ရှင်းရွာတောင်ဘက် တောင်ကုန်းအနီးရှိ ကျောက်ဂူအတွင်းမှ ရှာဖွေသိမ်းဆည်းရမိသည့် WY စာတန်းပါ (ပန်းရောင်) စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဓာတုပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၉-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ **မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇:၅၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)[ဝါသနာရှင် (ပထမတန်း) အဆင့်] (အမျိုးသမီး) (က) ဆယ့်နှစ်လရာသီ (ထား) (ခ) မဟာတြိရတနာ(ရီရီသန့်)**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ သီချင်းကြီးပဒေသာ
၄:၃၀ ၄။ **အနိုင်အရှုံး**
၄:၃၅ ၅။ အတီးပြိုင်ပွဲ
၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဇီဝဗေဒအထူးပြု) (ဇီဝဗေဒ)
၄:၅၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၈။ တေးဂီတအစီအစဉ်
၅:၁၀ ၉။ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများ အကြောင်း ဟောပြောချက်
၅:၂၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၅ ၁၁။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) (က) နီးအောင်ပင်လှမ်း (တင်တင်မြ) (ခ) ဂီတအခြေခံ(အဖွဲ့)**
၅:၄၅ ၁၂။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၃။ ညနေခင်းသတင်း
၆:၁၅ ၁၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၃၅ ၁၆။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၁၀ ၁၇။ တေးဂီတအစီအစဉ်
၇:၁၅ ၁၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၄၀ ၁၉။ အဝေမ်းစိုးမြင့်(သံစုံတူရိယာအဖွဲ့ ဖျော်ဖြေခန်း)
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
၂၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (တတိယတွဲ) (အပိုင်း-၉)
၂၅။ **၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ရာဟုလာအမွေတောင်းခန်း) (ပထမဆု) (ဦးသန်းစိန်) (စစ်ကိုင်းတိုင်း)**

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၃၈တွင် "Political Times" အထူးအချပ်ပိုအပြင် "Digital Times" အထူးကဏ္ဍကိုပါ စာမျက်နှာများများဖြင့် ဝေဝေဆာဆာ ထူးထူးခြားခြားထွက်ရှိလာပြီ ဖြစ်သည်။

အပြန်အလှန် လေးစားထားသင့်သည့် ဂါရဝတရား ယနေ့ခေတ်လူငယ်များအကြား လျော့နည်းအားပျော့နေသော ဂါရဝတရားကို ပြန်လည်ထွန်းလင်းတောက်ပလာစေရေးလုပ်ဆောင်ရန် လိုအပ်မှုအပေါ် ဆရာတော်ကြီးများ၊ စာရေးဆရာကြီးများ၏ သုံးသပ်ချက်များပါသည့် ဝါကျွတ်ချိန် အမှတ်တရဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ စသည့်သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ယင်းအပြင် "Political Times"ကဏ္ဍမှ ဆရာမောင်စူးစမ်း၏ **ဆင်ဆိုသည်မှာနှင့် နိုင်ငံရေးခေါင်းဆောင်**၊ ဆရာသန်းစိုးနိုင်၏ **သံပရာနှင့် ပျားရည် သို့မဟုတ် အာရှ-ဒီမိုကရေစီ**၊ ဆရာမှူးဇော်၏ **၂၀၁၀အလွန်ကာလကို အာရုံပြုကြရန် အချိန်တန်ပြီ**စသည့် သတင်းဆောင်းပါးများ၊ "Digital Times" ကဏ္ဍမှ နုတ်ဘွတ်ခ်တစ်လုံးကို ဘယ်လိုရွေးချယ်မလဲ၊ သင်၏ နုတ်ဘွတ်ခ်မှာအသုံးချသင့်သော အချက် ငါးချက် စသည့် နည်းပညာပိုင်းဆိုင်ရာ သတင်းများ၊ ဆောင်းပါးများ အပါအဝင် ကမ္ဘာ့အကြီးဆုံး ဟိုတယ်တစ်ခုက မြန်မာဝန်ထမ်းများခေါ်ယူ၊ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာစေရန် ဂျပန်နှင့် ဗီယက်နမ်တို့က ကူညီမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **ဘောလုံးပွဲနှင့် စိတ်ဓာတ်ရေးရာ**အကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ **ဝန်ထမ်းအရည်အသွေးကို ဘယ်လိုအကဲဖြတ်မလဲ** ၊ ဖျော်ဖြေရေးကဏ္ဍ၊ သီတင်းကျွတ်အထူးကဏ္ဍများ သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဒုံးပျံကာကွယ်ရေးအစီအစဉ် ရုပ်သိမ်းလိုက်ခြင်းဖြင့် အီရန်၏ နျူကလီးယားရည်မှန်းချက်လျော့ပါးသွားစေရန် ရုရှားဆောင်ရွက်လိမ့်မည်ဟု အိုဘားမားမျှော်လင့်၊ ဆယ်စုနှစ်ကြာ မျက်စိကွယ်နေသော အမေရိကန်အဘွားတစ်ဦး အလင်းပြန်လည်ရရှိ၊ လူတုပ်ကွေးကာကွယ်ဆေး အမေရိကန်တစ်နိုင်ငံလုံး ဖြန့်ဝေမည်၊ အမျိုးသားတစ်ဦးအအေးသောက်ရာမှ အဆုတ်အတွင်း ပလတ်စတစ်အပိုင်းအစ ဝင်ရောက်သွားသဖြင့် နှစ်နှစ်နီးပါး နာမကျန်းဖြစ်ခဲ့၊ **စားပွဲထိုးအမျိုးသမီးကိုသတ်သည့်အမှုတွင် အပြစ်မဲ့သူအား ထောင်ဒဏ် ၂၇နှစ် ကျခံစေခဲ့** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **ပြောရဦးမယ် သူတို့က ဒီလိုတဲ့** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဗန်းမော်မြို့နယ် စင်းခန်းနှင့် ကောင်းတုံကျေးရွာတို့၌ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရေးဆွေးနွေး

ဗန်းမော် စက်တင်ဘာ ၂၉

ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ မိုးဆန်းပန်းစာကြည့်တိုက်နှင့် ကောင်းတုံကျေးရွာ ဗလမင်းထင်စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံ ဆောက်လုပ်ရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်၊ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၈ရက် နံနက် ၇နာရီက အဆိုပါကျေးရွာများသို့ သွားရောက်ပြီး ဒေသအာဏာပိုင်များ၊ စာကြည့်တိုက်ကော်မတီများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးအရာရှိက ရရှိထားသော မြေနေရာများတွင် စာကြည့်တိုက်အဆောက်အအုံကို သတ်မှတ်ရက်အတွင်း အပြီးဆောက်လုပ်ရေး ဆွေးနွေးညှိနှိုင်းကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

သိန်းနီ၌ ကျေးလက်လမ်းခင်းခြင်းဆောင်ရွက်

သိန်းနီ စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရမည့် ကောင်းဟော်-တိုင်ယက်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၂၅ရက် နံနက်ပိုင်းက အမှုဆောင်အရာရှိ ဦးခင်ဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက် ညနေ ၄နာရီက ရန်ကုန်မြို့ အမျိုးသားရေကူးကန် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

ဖိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေး(က)အသင်း၊ ဒုတိယဆုရရှိသော ပို့ဆောင်ရေးအသင်း၊ တတိယဆုရရှိသော ကာကွယ်ရေး(ခ)အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်အသင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးအသင်း၊ တတိယဆုရရှိသော စက်မှု(၁) အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ သက်ကိုကိုလတ်(ကာကွယ်ရေး) **(ယာပုံ)**နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ဆွေဆွေဟန်(ကာကွယ်ရေး)တို့အား လည်းကောင်း၊ တာဝန်ရှိသူများက ဆုရရှိကြသူ ဝန်ကြီးဌာနအသင်းတို့အားလည်းကောင်း အသီးသီးဆုများကို ချီးမြှင့်ပေးအပ်သည်။ **(အား/ကာ ဦးစီး)**

ဆိုမာလီနိုင်ငံ၌ အကြမ်းဖက်သမားများအား နှိမ်နင်းရန်အသင့်ရှိကြောင်း သမ္မတရှိုရစ်ရှိတ်အာမက် ပြောကြား

မိုဂါဒစ်ရှူး စက်တင်ဘာ ၂၉

ဆိုမာလီနိုင်ငံ၏ ပြည်တွင်းအကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် သောင်းကျန်းသူများအား နှိမ်နင်းရန်အသင့်ရှိကြောင်း ဆိုမာလီသမ္မတ ရှုရစ်ရှိတ်အာမက်က စက်တင်ဘာ ၂၆ရက်တွင် ပြောကြားသည်။

ဂျီဘူတီမြို့၌ကျင်းပသည့် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆိုမာလီနိုင်ငံ၌ ရင်ဆိုင်ဖြစ်ပေါ်နေသည့် ပင်လယ်ဓားပြနှင့် လက်နက်ကိုင်သောင်းကျန်းသူများအရေးကို ထည့်သွင်းဆွေးနွေးသည်။

နှိမ်နင်း

ဆိုမာလီ၌ ဆက်လက်ဖြစ်ပေါ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှု၊ ယှဉ်ပြိုင်တိုက်ခိုက်မှုများကို ဆိုမာလီအစိုးရအနေဖြင့် ထိန်းချုပ်လျက်ရှိပြီး ပြည်တွင်းရေး မတည်ငြိမ်မှု၊ ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲမှုများကို အမိကနှိမ်နင်းလျက်ရှိကြောင်း သမ္မတအာမက်က ထပ်လောင်းပြောကြားသည်။

ဖော်ပြ

ပြည်တွင်းစစ်ဒဏ်မှ ဘေးကင်းရာသို့ ရွှေ့ပြောင်းခိုလှုံသူဒုက္ခသည် ၃ ဒသမ ၇၆ သန်းအား လူသားချင်း စာနာထောက်ထားမှုအဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကူညီရန် အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြသည်။ **(အင်တာနက်)**

အမျိုးသားနေ့

တရုတ်နိုင်ငံ ကျန့်စုပြည်နယ် ဆူကျိုးမြို့၌ အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေသည်ကို စက်တင်ဘာ ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

၂၀၁၀ပြည့်နှစ် ကာကွယ်ရေးအသုံးစရိတ် တောင်ကိုရီးယားတိုးမြှင့်မည်

ဆိုးလ် စက်တင်ဘာ ၂၉

တောင်ကိုရီးယားအစိုးရသည် ကာကွယ်ရေးအသုံးစရိတ်ကို လာမည့် ၂၀၁၀ပြည့်နှစ်တွင် ၃ဒသမ စရာခိုင်နှုန်း တိုးမြှင့်ကာ ဝမ်၂၉ဒသမ ၆ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၄ဒသမ ၇ဘီလီယံ)အထိ သုံးစွဲမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဘတ်ဂျက်ကို အောက်တိုဘာ ၁ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်ပြကာ အတည်ပြုချက်ရယူမည်ဖြစ်သည်ဟု ဆိုသည်။ ယင်းစီမံချက်တွင် ကာကွယ်ရေးအသုံးစရိတ်အဖြစ် လက်နက်များ သုတေသနပြုပြီး တီထွင်ခြင်း ကိစ္စရပ်များတွင် ၅ဒသမ ၆ရာခိုင်နှုန်းမှ ၆ဒသမ ၁ရာခိုင်နှုန်းတိုးမြှင့်ကာ ဝမ်၁ဒသမ ၇ထရီလီယံအထိ သုံးစွဲမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

ဗီယက်နမ်နှင့်ကျူးဘားနှစ်နိုင်ငံ ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်

ဟာဗားနား စက်တင်ဘာ ၂၉

ဗီယက်နမ်သမ္မတ ငုယင်မင်တီရက်သည် စက်တင်ဘာ ၂၆ရက်က ကျူးဘားနိုင်ငံသို့ရောက်ရှိသည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ၄င်းနှစ်နိုင်ငံ အကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ကတိပြု ပြောကြားသည်။

ကူညီဆောင်ရွက်

ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ပြီး နိုင်ငံတွင်းတည်ဆောက်ရေးကဏ္ဍတို့ကို အပြန်အလှန် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငုယင်က ပြောကြားသည်။

အလေးထား

ကျူးဘားနိုင်ငံ၌ကျင်းပသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာညီလာခံတွင် နှစ်နိုင်ငံ အကြီးအကဲများ တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတကာကုန်သွယ်မှု ဆက်ဆံရေးနှင့် ၄င်းနှစ်နိုင်ငံ၏ အကျိုးတူဆောင်ရွက်ရေးကိုလည်း အလေးထားကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဖိလစ်ပိုင်၌မိုင်းထိသေဆုံး

မနီလာ စက်တင်ဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျိုလိုကျွန်း၌ စက်တင်ဘာ ၂၉ရက်က မြေမြှုပ်မိုင်းပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ဖိလစ်ပိုင်ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် အခြားဖိလစ်ပိုင် တပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း၊ ၄င်းမြေမြှုပ်မိုင်းမှာ အင်ဒါနန်မြို့အနီး၌ ယင်းတို့စီးလာသောကားကို ထိမှန်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုပေါက်ကွဲမှုသည် ဖိလစ်ပိုင်တပ်ဖွဲ့က ယင်းမြို့၌ အဘူဆေရက်အကြမ်းဖက်အဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင် တောင်ပိုင်း၌ အကြမ်းဖက်မှုများ နှိမ်နင်းရန် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ခန့်တပ်စွဲထားသည်ဟုဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၂၀၀၂ခုနှစ်နောက်ပိုင်း ပထမဆုံးဖြစ်သည်။ ယင်းနှစ်မတိုင်မီက ဇမ်ဘိုအန်ဂါကျွန်းဗုံးကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ဘန်နုမြို့အနီး ဘာကာခါအယ်ဒေသတွင် အသေခံကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ် ပြန်လည်စတင်ရန် သမ္မတအဘတ်စ်တိုက်တွန်း

ဟာဗားနား စက်တင်ဘာ ၂၉

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အစီအစဉ်လုပ်ငန်း ပြန်လည်စတင်ရန် ကျူးဘားခရီးစဉ်အတွင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က စက်တင်ဘာ ၂၈ရက်တွင် တိုက်တွန်းလိုက်သည်။ ပါလက်စတိုင်းနိုင်ငံ ထူထောင်ပြီးသောအခါ ကျူးဘားသမ္မတရောလ်ကတ်စထရို ပါလက်စတိုင်းသို့ လာရောက်လည်ပတ်မည်ဟု မျှော်လင့်ကြောင်း မာမွတ်အဘတ်စ်က ပြောကြားသည်။ အဆင့်မြင့်ပညာရေး၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတို့တွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီလိုက်ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦး အာဖဂန်နစ္စတန်၌ သေဆုံး

ကဘူးလ် စက်တင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်ခြောက်ဦးသည် လွန်ခဲ့သော၂၄နာရီက သေဆုံးခဲ့ကြောင်း မဟာမိတ်တပ်ဖွဲ့မှ စက်တင်ဘာ ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းသေဆုံးမှုတွင် (အိုင်အက်စ်အေအက်ဖ်) တပ်ဖွဲ့ဝင်သုံးဦးမှာ အာဖဂန်နစ္စတန်တောင်ပိုင်းရှိ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အခြားတပ်ဖွဲ့ဝင် သုံးဦးသည် အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ဖြစ်ပွားသည့်တိုက်ပွဲတွင် သေဆုံးခြင်း မဟုတ်ဘဲ အခြားဖြစ်ရပ်များကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ၄င်းတပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ခရီးသည်တင်ဇိမ်ခံဘတ်စ်ကားများ တရုတ်လေယာဉ်ကုမ္ပဏီ ထုတ်လုပ်မည်

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံ၏ ထိပ်တန်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် အေဗီအိုင်စီသည် မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများမှ စုစုပေါင်းဝင်ငွေမှာ ၂၀၁၇ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ၄ဒသမ ၃၉ ဘီလီယံရရှိနိုင်ကြောင်း ၄င်းကုမ္ပဏီက ပြောကြားသည်။

အသုံးပြု

မော်တော်ယာဉ်လုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ကို ချမှတ်ကာ ၁၂မီတာ ရှည်လျားမည့် ခရီးသည်တင် ဇိမ်ခံကားကြီးများ အေဗီအိုင်စီမှ ထုတ်လုပ်မည်ဖြစ်သည်။ ယင်းကားများအား ခရီးသွားလုပ်ငန်းအပါအဝင် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၌ အသုံးပြုမည့်အပြင် စစ်ဘက်ဆိုင်ရာ လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း အေဗီအိုင်စီက ပြောကြားသည်။

ထုတ်လုပ်

ယင်းခရီးသည်တင် ဘတ်စ်ကားများကို ၂၀၁၄ခုနှစ်မှစတင်ကာ နှစ်စဉ် စီးရေ ၄၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

တာဝေးပစ်ဒုံးကျည်များ အီရန်စမ်းသပ်အောင်မြင်

တီဟီရန် စက်တင်ဘာ ၂၉

အီရန်နိုင်ငံက ၄င်းပိုင်တာဝေးပစ်ဒုံးကျည်အချို့ကို အောင်မြင်စွာ စမ်းသပ်ပစ်နိုင်ကြောင်း နိုင်ငံပိုင်မီဒီယာများက စက်တင်ဘာ ၂၈ရက်တွင် ဖော်ပြသည်။

မိုင် ၁၂၄၀အထိ ပစ်လွှတ်နိုင်သည့် ရှာဟက်-၃နှင့် ဆာဂျီဒုံးကျည်များကို တော်လှန်ရေးအစောင့်တပ်ဖွဲ့က စမ်းသပ်ခြင်းဖြစ်သည်ဟု သတင်းများတွင် ဖော်ပြထားသည်။ အီရန်၏ မျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အင်အားကြီးနိုင်ငံများနှင့် အကြီးအကျယ်တင်းမာနေစဉ် အီရန်က ယင်းသို့ဒုံးကျည်များ စမ်းသပ်ခြင်းဖြစ်သည်ဟုလည်း အင်တာနက်တွင် ဖော်ပြပါရှိသည်။ ***(အင်တာနက်)***

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဂရန်းဘာဆာအာဈေးအတွင်း တစ်နေရာကို စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(အဆိုပါဈေးသည် ကမ္ဘာ့ရှေးအကျဆုံးနှင့် အကြီးမားဆုံးဈေးများတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ၌ ကလေးငါးသိန်းကျော် ဆေးမတည့်သည့်ဝေဒနာများ နှစ်စဉ်ခံစားနေရ

ချီကာဂို စက်တင်ဘာ ၂၉

အမေရိကန်နိုင်ငံအတွင်း ကလေး ငါးသိန်းကျော်မှာ ဆေးမတည့်သည့် ရောဂါလက္ခဏာများ နှစ်စဉ်ခံစားရပြီး ဆေးကုသမှုများ ပြန်လည်ခံယူရကြောင်း၊ အချို့မှာ ဆေးရုံများသို့ပင် တက်ရောက်ကုသမှုခံယူကြရကြောင်း အမေရိကန်အမျိုးသား ဆေးဝါးဓာတ်ခွဲခန်း၊ အမျိုးသားကလေးကျန်းမာရေးစောင့်ရှောက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတက္ကသိုလ်မှ လေ့လာဆန်းစစ်မှုအစီရင်ခံစာက ရေးသားဖော်ပြသည်။

ပြောကြား

အသက်ငါးနှစ်အောက် ကလေးအများစုမှာ ဆေးမတည့်သည့်ရောဂါများ ပိုမိုခံစားခဲ့ရကြောင်း၊ ပနယ်ဆလင်နှင့် အခြားသော ပဋိဇီဝဆေးများနှင့်မတည့်သည့် ကလေးငယ်များမှာ ကိုယ်ခန္ဓာအရေပြားပေါ်တွင် မိတ်၊အင်ပြင်ကဲ့သို့ အဖုအပိန့်အနီကွက်များထွက်ခြင်း၊ ဗိုက်အောင့် ဗိုက်နာခြင်းနှင့် ဝမ်းပျက်ဝမ်းလျှော ဝေဒနာများကိုခံစားရကြောင်း ဘော်စတွန်မြို့ရှိ ကလေးဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ရှင်းပြ

မိဘများအနေဖြင့် ကလေးများ ပထမဆုံးဆေးဝါးကုသမှုခံရစဉ်တွင် ဆေးမတည့်သည့် လက္ခဏာများဖြစ်ပေါ် မပေါ်ကို အနီးကပ်စောင့်ကြည့်ရန်လိုသကဲ့သို့ ဆရာဝန်များအနေဖြင့်လည်း မိဘများအား ဆေးဝါး၏ဖြစ်နိုင်ခြေရှိသည့် အကျိုးအပြစ်များကို သေချာစွာ ရှင်းပြပေးရန်လိုအပ်ကြောင်း ၄င်းကထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

30-9 (04).pmd 1 9/29/2009, 2:36 PM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အိန္ဒိယအရှေ့ပိုင်း၌ စက်လှေနစ်မြုပ် ၁၀ဦးသေဆုံး၊ ၄၀ ပျောက်ဆုံးနေ

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ် ခါဂါရီရာခရိုင် ဘတ်မာတီမြစ်အတွင်း စက်တင်ဘာ ၂၉ရက်က ခရီးသည် ၆၀တင်ဆောင်လာသော စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၀ဦးသေဆုံးပြီး ၄၀ပျောက်ဆုံးလျက်ရှိကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ရုရှားဝန်ကြီးချုပ်ပူတင် တရုတ်သို့သွားရောက်မည်

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် တရုတ်နိုင်ငံသို့ လာမည့်အောက်တိုဘာ ၁၂ရက်မှ ၁၄ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်ကြောင်း၊ တရုတ်-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနား တက်ရောက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ဗီယက်နမ်အလယ်ပိုင်းဒေသများ မုန်တိုင်းတိုက်ခတ်၍ ၂၄ဦးသေဆုံး

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသများသို့ ကတ်ဆာနာမုန်တိုင်း စက်တင်ဘာ ၂၉ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ ၂၄ဦးသေဆုံးပြီး အိမ်အများအပြား ပျက်စီးခဲ့ကြောင်း စက်တင်ဘာ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

နယူးဇီလန်နိုင်ငံ အော့ခ်လန်မြို့ အရှေ့မြောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

နယူးဇီလန်နိုင်ငံ အော့ခ်လန်မြို့ အရှေ့မြောက်ပိုင်းတွင် စက်တင်ဘာ ၂၉ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူမရှိကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။

ထိုင်းအရှေ့မြောက်ပိုင်းဒေသများ မုန်တိုင်းသတိပေးချက်ထုတ်ပြန်

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပြည်နယ်များသို့ လာမည့် ၂၄နာရီအတွင်း မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း၊ ယင်းမုန်တိုင်းသည် တစ်နာရီကီလိုမီတာ ၁၄၀ နှုန်း တိုက်ခတ်နိုင်ကြောင်း သတိပေးချက်များကို ထိုင်းမိုးလေဝသဌာနက စက်တင်ဘာ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)



လစ်ဗျားခေါင်းဆောင် ကဒါဖီ စပိန်နိုင်ငံ ခရီးစဉ်ဖျက်သိမ်း

လစ်ဗျားခေါင်းဆောင် ကဒါဖီသည် စပိန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည့် အစီအစဉ်အား ဖျက်သိမ်းလိုက်ကြောင်း၊ စပိန်ဘုရင်ဂွမ်ကာလို့စ်နှင့် ဝန်ကြီးချုပ် ဇာပါတီရိုတို့အား တွေ့ဆုံဆွေးနွေးခွင့်မရ၍ဖြစ်ကြောင်း လစ်ဗျားနိုင်ငံအရာရှိများက စက်တင်ဘာ ၂၉ရက်၌ ပြောကြားသည်။

နိုင်ငံတကာ လေယာဉ်နည်းပညာဆိုင်ရာပြပွဲ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ကျင်းပ

***ပထမအကြိမ် နိုင်ငံတကာလေယာဉ်နည်းပညာများဆိုင်ရာပြပွဲကို ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့လေဆိပ်၌ စက်တင်ဘာ ၂၉ရက်က ကျင်းပရာ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ လေယာဉ်ကုမ္ပဏီပေါင်း ၇၅ ခုတို့က သုံးရက်ကြာ ခင်းကျင်းပြသလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။** (အောက်ပုံ) (အင်တာနက်)*



မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအား
ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တွေ့ဆုံ၍ အမှာစကားပြောကြား

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်များနှင့်တွေ့ဆုံ၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် နေပြည်တော်၌ တည်ဆောက်မည့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း Emporium ခန်းမ ဒီဇိုင်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ပန်းတနော်မြို့တွင်း ရေနုတ်မြောင်း တူးဖော်

ပန်းတနော် စက်တင်ဘာ ၂၉

ပန်းတနော်မြို့တွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ် ၂၈ရက်က ရေနုတ်မြောင်းများ တူးဖော်ဆယ်တင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအေးသိန်း ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ပြည်ပမှရောက်ရှိလာသည့် သဘာဝဓာတ်ငွေ့ပိုက်များ
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ကမ်းလွန်ဓာတ်ငွေ့များကို ပိုမိုရယူသုံးစွဲရန် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် တည်ဆောက်ရေးလုပ်ငန်းကို ယခုနှစ် ပွင့်လင်းရာသီအမီ ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းအတွက် ပြည်ပမှမှာယူခဲ့သည့် ၂၄လက်မ PE Coated သဘာဝဓာတ်ငွေ့ပိုက် ပထမဦးဆုံးအသုတ်သည် အလုံမြို့နယ် အေးရှားဝေါလ်ကုမ္ပဏီဆိပ်ကမ်းသို့ ရောက်ရှိလာရာ စက်တင်ဘာ ၂၈ရက်တွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက သွားရောက်ကြည့်ရှုစစ်ဆေးပြီး (အောက်ပုံ) ဆိပ်ကမ်းရှင်းလင်းရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်ပြီး လုပ်ငန်းခွင်သို့ပို့ဆောင်နိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဂရုစိုက်ဆောင်ရွက်

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်းသို့သွားရောက်၍ ပိုက်များ တစ်ဆင့်သယ်ယူပြီးစီးမှု၊ ကုန်သေတ္တာများအတွင်းမှ မော်တော်ယာဉ်များပေါ်သို့လည်းကောင်း၊ ဇက်ရေယာဉ်များပေါ်သို့လည်းကောင်း ရွှေ့ပြောင်းတင်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး နေ့/ည အဆိုင်းများဖြင့် ဆောင်ရွက်ရန်၊ ပိုက်များလုပ်ငန်းခွင်သို့ အမြန်ဆုံးရောက်ရှိစေရန်၊ လူနှင့်ပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးကုဆရာဝန်ကြီးများအဖွဲ့ ဒဂုံစက်မှုဇုန်၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် စက်တင်ဘာ ၂၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်မြို့ တာမွေမြို့နယ် ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခိုင်ချိုမြင့် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စက်တင်ဘာ ၂၅ရက်က တောင်ဒဂုံစက်မှုဇုန်ရှိ ဆံပင်တုစက်ရုံရှိသော လူမှုဖူလုံရေး အာမခံအလုပ်သမား ၃၀၂ဦးတို့အား စက်ရုံအရောက်ကွင်းဆင်း၍ ရောဂါရှာဖွေကုသ၍ အခမဲ့ဆေးကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး မေးခိုင်ကာကွယ်ဆေးများထိုးနှံပေး၍ ကျန်းမာရေးပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)



သင့်သွေးဖြင့် အသက်ကယ်ပါ

30-9 (05).pmd 1 9/29/2009, 2:36 PM

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်အကောင်အထည်ဖော်ရာတွင် ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ကြရန်လိုအပ်

ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲပါဝင်

နေပြည်တော် စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက် နံနက် ၁၁နာရီတွင် မုံရွာခရိုင် ယင်းမာပင်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏မိဘများ၊ အလှူရှင်များ၊ ယင်းမာပင်မြို့ပေါ်ရှိ ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၄)၊ ယင်းမာပင်မြို့နယ် ကျေးရွာအုပ်စုဝင်များဖြစ်ကြသော ဇီးဖြူပင်၊ မြို့သစ်၊ ရွာသာယာ၊ ပြန်လှည့်၊ မြို့ကြီး၊ ရွာထောင်၊ လက်လှုပ်၊ ဇီးတော၊ ညောင်ပင်ကြီးစု၊ မင်းကံကြီး၊ ဗြဟ္မဒါတ်နှင့် လည်ပေါက် စသည့်ကျေးရွာ ၁၂ရွာ တို့မှ ဒေသခံပြည်သူ ၃၀၀၀တို့ တက်ရောက်ကြသည်။

သီဆိုဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားကို ယင်းမာပင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းကိုသီဆို၍ ဖွင့်လှစ်ကြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးက ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ပူးပေါင်းပါဝင်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားရေးဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပြည်သူများ လိုလားနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက်အကောင်အထည်ဖော်ရာတွင် ပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် ထူးချွန်အောင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယင်းမာပင်မြို့နယ်မှ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၅ဦး တို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာခုနစ်ရွာတို့အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-3, MRTV-4 အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် DTH စလောင်းနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကျေးလက်နေပြည်သူများ အရေးပေါ်သုံးစွဲနိုင်ရန် မြွေဆိပ်ဖြေဆေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အသုံးပြုရန်အတွက် အလှူရှင် ဦးကျော်မျိုးထက်မိသားစုက ငွေကျပ် ငါးသိန်းနှင့် အလှူရှင် ဦးဉာဏ်မောင်မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ယင်းမာပင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေက လက်ခံသည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသားကျောင်းသူများကိုယ်စား သုံးဘာသာဂုဏ်ထူးရှင် မတိုးတိုးဇွေးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တက်ရောက်အားပေး

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်တင်ဘာ ၂၆ရက် နံနက် ၁၁နာရီခွဲတွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဆုံတားကျေးရွာ၌ မနောသုခ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ အလှူရှင် မနောသုခသစ်သီးပွဲရုံပိုင်ရှင် သုခမ္မမဏိဇောတဓရ ဦးခင်မောင်၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်တို့က မနောသုခ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က မနောသုခ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ဆားလင်းကြီးမြို့နယ် ဆုံတားကျေးရွာ၌ မနောသုခ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၂၈ရက်က ၂၀၀၉ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနမှ သုံးနှစ်ဆက်တိုက် အောင်ပွဲဆက်နိုင်သော အမျိုးသမီးအသင်းနှင့် တတိယဆုရ အမျိုးသားအသင်းတို့အား တွေ့ရစဉ်။ (အား/ကာ)

လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စက်တင်ဘာ၂၆ရက်တွင် မန္တလေးမြို့ရှိ တိုင်း ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံး၌ မန္တလေးတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနတာဝန်ခံ အရာထမ်းများနှင့် တွေ့ဆုံသည်။

ဖြည့်စွက်မှာကြား

ရှေးဦးစွာ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းရည်မှန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ ပြောင်းလဲ တိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းတို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သူတို့အတွက် အကျိုးပြုမည့် ငဖဲမြို့နယ်မှ ရင်းရှည်ရေလှောင်တမံ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၄ရက် ညနေပိုင်း····။

မြန်မာ့အလင်းသတင်းအဖွဲ့ စီးနင်းလိုက်ပါလာသော မှန်လုံအဆင့်မြင့်ကားသည် မှန်မှန်နှင့်မြန်မြန် မောင်းနှင်လျက်ရှိသည်။ ကားလမ်းနံဘေး တစ်ဖက်တစ်ချက် မြင်ကွင်းများက စိမ်းလန်းစိုပြည်လျက်····။

ဥတုရာသီတောကိုမှီ၍ ဆိုသည့်အတိုင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရှိရာ ပူပြင်းခြောက်သွေ့ခြင်းမရှိလှဘဲ ယခင်ကထက် အပူရှိန်လျော့နည်းခြင်းကို သတိပြုမိသည်။

ငဖဲမြို့သို့

ရန်ကုန်မှ ညနေ ၅နာရီ၌ ထွက်ခွာလာကြသော မြန်မာ့အလင်းသတင်းအဖွဲ့သည် မကွေးသို့ စက်တင်ဘာ ၂၅ရက် နံနက် ၆နာရီတွင် ချောမောစွာ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် မကွေးမှ မင်းဘူးသို့ သွားရောက်ကြရပြီး မင်းဘူးမှ ၄၆မိုင်ကွာဝေးသော ငဖဲမြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

မင်းဘူးမြို့မှ အနောက်ဘက်သို့ ၃၆ မိုင်ရောက်လျှင် ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီးနှင့် ဆုံမိပေပြီ။ ပုသိမ်-မုံရွာ ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၀၂ မိုင် ၅ဖာလုံ အရောက်တွင်တော့ မြေနီလမ်းခွဲလေးမှ ခြောက်ဖာလုံခန့် ဝင်မိလျှင် မင်းဘူးခရိုင် ငဖဲမြို့နယ် ရင်းရှည်ကျေးရွာအနီး ပဒါန်းချောင်းကို တာပိတ်ဆောက်လုပ်ထားသည့် ရင်းရှည်ရေလှောင်တမံကို လှမ်းမြင်လိုက်ရသည်။

ဒေသဖွံ့ဖြိုးရေး

ရင်းရှည် ရေလှောင်တမံတွင် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်အောင်၊ ဒုတိယဦးစီးမှူး ဦးတင်ဝင်းတို့က မြန်မာ့အလင်းသတင်းအဖွဲ့အား တမံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ဦးစီးအရာရှိ ဦးရဲထွဋ်အောင်အား တွေ့ဆုံမေးမြန်းရာတွင်- “လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော် ညွှန်ကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုးရေးကို ရှေးရှု၍ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရေရှား အရပ်ဒေသဖြစ်သည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း အသေးစားတမံ တစ်ခုဖြစ်သည့် ရင်းရှည်ရေလှောင်တမံကို တည်ဆောက်ပေးခဲ့ကြောင်း၊ တမံအလျား ပေ၅၀၀၊ တမံအမြင့် ပေ ၅၀သာရှိသော ရေလှောင်တမံအသေးစားလေးကို တည်ဆောက်၍ အကျိုးပြုဧရိယာဧက ၅၀၀ကို အကျိုးပြုနိုင်ကြောင်း၊ စီမံကိန်းကို ၁၉၉၇- ၁၉၉၈ ခုနှစ်တွင် စတင်ခဲ့ပြီး ထိန်းသိမ်းရေးမှ လွှဲပြောင်းယူကာ ၂၀၀၉ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၂၆၀၀ကို သိုလှောင်နိုင်ပြီး ရေထုတ်မြွှန် အရွယ်အစားအချင်း ၁၈လက်မပိုက်ဖြင့် ရေဖြန့်ဖြူးနိုင်ခဲ့ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

“စိမ်းလန်းစိုပြည်ရေးနဲ့ ဒေသဝမ်းစာဖူလုံရေးအတွက် အငယ်စားရေလှောင်တမံတစ်ခု တည်ဆောက်ပေးတာ ဖြစ်ပါတယ်”

ဦးရဲထွဋ်အောင်
ဦးစီးအရာရှိ(ထိန်းသိမ်းရေး)
ဆည်မြောင်းဦးစီးဌာန
မင်းဘူးမြို့။

“အရင်က ကျောင်းသား ၁၀၀ပင် မပြည့်ခဲ့ပါဘူး၊ အခုတော့ ကျောင်းသား ၁၂၀ကျော် ကျောင်းတက်နေပါပြီ”

ဒေါ်မိုးမိုးအေး
မူလတန်းပြဆရာမ
အ·မ·က၊ ရင်းရှည်ကျေးရွာ။

လျာထားချက်

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးတင်ဝင်းအား တွေ့ဆုံမေးမြန်းရာတွင်- “ရင်းရှည်ရေလှောင်တမံကို ၂၀၀၁ခုနှစ်တွင် တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ လယ်ယာမြေ တိုးချဲ့ဆောင်ရွက်ရာတွင် တုတ်တန်း(၁)၊ တုတ်တန်း(၂)များ တည်ဆောက်ခဲ့ပြီး ရေပိုမိုရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအနေအထားမှာ စီမံကိန်း ဧရိယာ ၅၀၀ဖြစ်သော်လည်း ၅၇၀အထိ စိုက်ပျိုးနိုင်ကြောင်း၊ ခြောက်နှစ်တာကာလတွင် ၁၈၅ဧကအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရေးတွင်လည်း နွေစပါးဧက ၁၀၀အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါး၊ မိုးစပါးအကြားတွင် ဆီထွက်သီးနှံ၊ နှမ်းနှင့် နေကြာကိုလည်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရေအစိုဓာတ်ရသော နေရာများတွင် ကုလားပဲနှင့် ပဲစင်းငုံစိုက်ပျိုးခဲ့ကြောင်း၊ ထို့ကြောင့် ရင်းရှည်ရေလှောင်တမံ ပတ်ဝန်းကျင် ကျေးရွာပြည်သူများ စိုက်ပျိုးစီးပွားရေး တိုးတက်လျက်ရှိကြောင်း၊ ကျေးရွာပြည်သူနှင့် ဆည်မြောင်းတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် စိုက်ပျိုးရေးလျာထားချက် အပြည့်အဝ ဆောင်ရွက်နိုင်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

သတင်းအဖွဲ့သည် ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းပြီးနောက် ဆည်တမံပတ်ဝန်းကျင်မှ ကျေးရွာတောင်သူများနှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။

ဒုက္ခကင်းဝေး

ရှေးဦးစွာ ပဒါန်းကျေးရွာမှ အသက်(၅၃)နှစ်ရှိ တောင်သူကြီး ဦးပေါ်ဒင်အား တွေ့ဆုံမေးမြန်းရာတွင်- “ဆောင်းရာသီ၌ နှမ်းစိုက်ပျိုးကြောင်း၊ နှမ်းရိတ်သိမ်းပြီး၍ မိုးရွာလာလျှင် မိုးဦးစပါးစိုက်ပျိုးကြောင်း၊ စပါးစိုက်ပျိုးရက်မှာ ရက်ပေါင်း ၁၀၀ဖြစ်၍ မိုးစပါးပြီးပါက နွေစပါး ဆက်လက်စိုက်ပျိုးကြောင်း၊ ဆည်ရေရရှိနေပြီဖြစ်၍ အရင်ကလို ပူပင်စရာ မလိုတော့ကြောင်း၊ အရင်က မိုးရွာမှ လယ်စိုက်ရတဲ့ဒုက္ခက ကင်းဝေးသွားလို့ ဆည်ကြီးကို အထူးကျေးဇူးတင်ပါကြောင်း” ဖြင့် ပြောပြသည်။



“အလျှုအတန်းလည်း ပေးနိုင်တယ်၊ မိသားစုလည်း ကောင်းကောင်းမွန်မွန် နေနိုင်တယ်၊ ဆည်ရေရဲ့ကျေးဇူးပါပဲ”

ဦးဉာဏ်သိန်း (လယ်သမား)
လယ် ခြောက်ဧကစိုက်သူ
ရင်းရှည်ကျေးရွာ။

ရေပိုလွှဲ အဆောက်အအုံ

အလျားပေ ၁၉၀၊ အကျယ်ပေ ၃၀ရှိ ကျောက်နံရံအမျိုးအစား ရင်းရှည်ရေလှောင်တမံ၏ ရေပိုလွှဲကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

လယ်မြေဧက ၅၀၀ကို နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေမည့် မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် ရင်းရှည်ကျေးရွာအနီး ပဒါန်းချောင်းကို ပိတ်၍ တည်ဆောက်ထားသည့် ရင်းရှည်ရေလှောင်တမံ ရေသိုလှောင်ထားရှိမှုနှင့် ရေထိန်းမျှော်စင်တို့ကို အနောက်ရိုးမတောင်တန်း နောက်ခံဖြင့် ပန်းရလျက် ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

သတင်းမြင်ကွင်း	-	ကျော်စိန်
ဓာတ်ပုံမှတ်တမ်း	-	အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု	-	မာမာစိုး (မြန်မာ့အလင်း)

“မိုးရွာမှ လယ်စိုက်ရတဲ့ ဒုက္ခကင်းဝေးသွားလို့ ဆည်ကြီး ဆောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ဦးပေါ်ဒင်(တောင်သူ)
တစ်နှစ်သုံးသီးစိုက်သူ
ပဒါန်းကျေးရွာ။

မိုး၊ နွေစပါး

ထို့နောက် မိုးစပါး၊ နွေစပါးနှင့် နှမ်း၊ နေကြာတို့ကို တစ်နှစ်သုံးသီး စိုက်ပျိုးကြသည့် ရင်းရှည်ကျေးရွာနေ အသက်(၆၂)နှစ်ရှိ တောင်သူကြီး ဦးဉာဏ်သိန်းကလည်း- “လူလားမြောက်ကတည်းက တောင်သူလုပ်လာတာ၊ ယာလုပ်ငန်းပေ့ါလေ။ မိုးမရွာတော့ လယ်စိုက်ပေမယ့် မအောင်မြင်ဘူး။ အခုတော့ ဆည်ရေရပြီလေ။ မိုးရေလဲရ ဆည်ရေလဲရတော့ ယာသာမဟုတ်တော့ဘူး လယ်ကိုပါ မိုးစပါးရော၊ နွေစပါးရော စိုက်နေပါပြီ။ လယ် ခြောက်ဧကလုပ်ပါတယ်၊ ထွက်လာတဲ့စပါးကို လိုက်ရောင်းစရာမလိုတော့ဘူး၊ ဒီမှာပဲလာဝယ်တယ်လေ။ အလှူအတန်းလဲ ပေးနိုင်ပါတယ်၊ မိသားစုလဲ ကောင်းကောင်းမွန်မွန်နေရပါတယ်၊ ဆည်ရေ ကျေးဇူးပါပဲ” ဟု ပီတိစကား ပြောကြားခဲ့သည်။

သွားလာရေးပါ

ဆက်လက်၍ လယ်နှစ်ဧကလုပ်ကိုင်သူ စာတတ်ကျကျေးရွာနေ တောင်သူ ဦးမြသိန်းကလည်း- “အရင်တုန်းက ရေမရလို့ ယာကိုပဲလုပ်ကြတယ်။ အခုတော့ နိုင်ငံတော်က ဆည်တွေဆောက်ပြီး ရေတွေပေးလို့ လယ်စိုက်ကြတာပါ။ ဆည်တွေဆောက်တော့ လမ်းတွေကောင်းပြီး သွားလာရေးလွယ်ကူသွားပါတယ်။ ဒီရွာသားတွေ စားဝတ်နေရေး ချောင်လည်လာကြပါတယ်၊ နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါတယ်” ဟု ကျေးဇူးစကား ဆိုပါသည်။

အဆင်ပြေ

ဆုံကုန်းကျေးရွာမှ တောင်သူ ဦးအောင်ကြည်အား တွေ့ဆုံမေးမြန်းခဲ့ရာ၌လည်း - “လယ်သုံးဧကကို စပါးစိုက်ပြီး ယာသီးနှံကို ခုနစ်ဧကစိုက်ပါတယ်။ အခု ဆည်ရေ ရပြီဆိုတော့ လယ်ဧကများစွာကို စပါးစိုက်ပါမယ်။ မိသားစု လေးယောက်ရှိတော့ အရင်က စားဝတ်နေရေး အဆင်မပြေလှဘူး။ အခုဆည်ရေနဲ့ စိုက်ရေးပျိုးရေး အဆင်ပြေလို့ မိသားစုဘဝလည်း အဆင်ပြေလာပါပြီ” ဟု ပြောကြားခဲ့သည်။

ရင်တွင်းခံစားချက်

ထို့နောက် ရင်းရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆရာမ ဒေါ်မိုးမိုးအေးကလည်း - “ရင်းရှည်ကျေးရွာ ဇာတိဖြစ်၍ ရင်းရှည်ကျေးရွာမှာပင် မူလတန်းပြဆရာမ တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါကြောင်း၊ လမ်းတွေကောင်းပြီး သွားလာရေး အဆင်ပြေသွားသဖြင့် ယခင်က ကျောင်းသား ၁၀၀ပင်မပြည့်မီရာက ယခုဆိုလျှင် ကျောင်းသားတွေ သွားလာရလွယ်ကူသဖြင့် ကျောင်းသား ၁၂၀ကျော် ကျောင်းတက်နေပြီဖြစ်ကြောင်း၊ လိုင်းကားများပါ ပြေးဆွဲပေးနေပြီဖြစ်၍ ဆည်ကြီးကျေးဇူးကြောင့် ပညာရေးပါ တိုးတက်မြင့်မားလာသည်ကို ကိုယ်တွေ့သိမြင်လာပါကြောင်း”ဖြင့် ရင်တွင်းခံစားချက်ကို မြန်မာ့အလင်းသို့ ဖွင့်ဟခဲ့သည်။

ဒေသဝမ်းစာဖူလုံ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားအရပ်ဒေသဖြစ်သည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ရန် လယ်မြေဧက ၅၀၀ ရေပေးဝေနိုင်သည့် ရင်းရှည်ရေလှောင်တမံ တည်ဆောက်ပေးနိုင်မှုကြောင့် ဒေသဝမ်းစာဖူလုံပြီး ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုရုံသာမက သောက်သုံးရေ ပေါကြွယ်လာခြင်း၊ တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်လာခြင်းနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ စေ့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံနဲ့သင့်တော်တဲ့ စနစ်ဟာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းကသာ ပေါက်ဖွားလာနိုင် မြန်မာနိုင်ငံသားများကသာ သူတို့ရဲ့အနာဂတ်ကို အကောင်းဆုံး ဆုံးဖြတ်သတ်မှတ်ပေးနိုင်သူများဖြစ်

● *ကျော့ဖုံးမှ*

ထည့်သွင်း စဉ်းစားစေလိုပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေးတိုးတက်မှုများကို ထိခိုက်စေမယ့် ဆုံးဖြတ်ချက်များကို ရှောင်ရှားရပါမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနဲ့ စီးပွားရေးအခြေခံကောင်းတွေ ရရှိစေဖို့ နှစ်ပေါင်းများစွာ ကြိုးစားထားရတာ ဖြစ်ပါတယ်။ ဝင်ငွေနည်းတဲ့ နိုင်ငံများဟာ ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ဖို့ဆိုရင် လက်ရှိရရှိနေတဲ့ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ ဒီထက်ပိုပြီးရရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ တိုးတက်ပေးဖို့ လိုပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းကို ပြင်းပြင်းထန်ထန်ခံစားနေရတဲ့ အခြားဖွံ့ဖြိုးဆဲနိုင်ငံများကို တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုတိုးမြှင့်ပေးမယ်ဟု သမ္မတဟူကျင်တောင်းက ဒီညီလာခံမှာ ထပ်လောင်းအတည်ပြု ပြောကြားခဲ့တာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတု

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟာ ကျွန်တော်တို့ကမ္ဘာဂြိုဟ်အတွက် အဓိကရင်ဆိုင်နေရတဲ့ အဆိုးရွားဆုံး စိန်ခေါ်မှုဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်များကို ဘယ်နိုင်ငံမှ မရှောင်လွှဲနိုင်ပါဘူး။ ရာသီဥတုပြောင်းလဲမှုရဲ့ လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ ကျယ်ပြန့်လာတဲ့ အတိုင်းအတာကြောင့် ကမ္ဘာ့အသိုက်အဝန်းက အရေးတကြီးနဲ့ ထိရောက်စွာ တုံ့ပြန်ကြဖို့ လိုအပ်ပါတယ်။ ပြီးခဲ့တဲ့ အပတ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးဆောင်ကျင်းပတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးက ဒီပြဿနာရဲ့ အတိုင်းအတာနဲ့ ကျွန်တော်တို့ ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ကြောင်းတို့ကို ထောက်ပြခဲ့ပါတယ်။

ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့ဟာ ဒီဇင်ဘာလမှာ ကျင်းပမယ့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိုပင်ဟေဂင်ထိပ်သီးညီလာခံကို မျှော်လင့်လျက်ရှိပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေဟာ အကျိုးရှိပြီး ကျိုတို နောက်ဆက်တွဲ စာချုပ်ရဲ့ ပထမ ကတိကဝတ်ကာလ ကုန်ဆုံးတဲ့ ၂၀၁၂ခုနှစ်မှာ စတင်မယ့် မှန်လုံအိမ်အာနိသင်ရှိတဲ့ ဓာတ်ငွေ့များထုတ်လွှတ်ခြင်းကို ထိန်းချုပ်မယ့် သဘောတူညီချက် အသစ်ရရှိမယ်လို့မျှော်လင့်ပါတယ်။ ဘယ်လို သဘောတူညီချက်ဖြစ်စေ ထိရောက်မှုရှိဖို့အတွက် ကဏ္ဍအားလုံးအတွက် ဘက်စုံခြုံငုံပြီး ပူးပေါင်း ဆောင်ရွက်ကြရပါမယ်။ ''အားလုံးမှာ တာဝန်ရှိကြသော်လည်း ကွဲပြားခြားနားသော တာဝန်ယူမှုရှိတဲ့မူ''နဲ့ ကိုက်ညီရပါမယ်။

အထက်ပါ ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျပ်အတည်း နှစ်ခုဟာ နှစ်အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ပြဿနာများအပေါ် ထပ်ဆောင်းပြီး ဖိစီးနေပါတယ်။ အဲဒီပြဿနာတွေမှာ စားနပ်ရိက္ခာဈေးကြီးမှု၊ လောင်စာစွမ်းအင် ဈေးနှုန်းမတည်ငြိမ်မှု၊ ကပ်ရောဂါများ ကူးစက်ပျံ့နှံ့မှု စသည်တို့လည်း ပါဝင်ပါတယ်။ ဒီပြဿနာများကို ဘယ်နိုင်ငံမှ တစ်နိုင်ငံတည်း ဆောင်ရွက်ကျော်လွှားနိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ဖို့ ကမ္ဘာ့နိုင်ငံအားလုံး အတူဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိတို့ ကမ္ဘာအတွက် စိုးရိမ်ပူပန်ဖွယ်ရာဖြစ်နေတဲ့ ဒီအချိန်အခါမှာ နိုင်ငံစုံပါဝင်တဲ့ စုပေါင်းဆောင်ရွက်မှုဟာ ဘယ်အခါကနဲ့မှမတူအောင် အရေးပါနေပြီဖြစ်ပါတယ်။ ဘာသာရေးနဲ့ ယဉ်ကျေးမှုနောက်ခံ ကွဲပြားခြားနားတဲ့ နိုင်ငံများအကြား တွေ့ဆုံဆွေးနွေးမှုများဟာ နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အထောက်အကူပြုနိုင်ပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတု

ကုလသမဂ္ဂဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ပါဝင်တဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါတယ်။ မကြာမီနှစ်များကစပြီး ၂၁ရာစုရဲ့ စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့ ကုလသမဂ္ဂကို ပိုမို ဒီမိုကရေစီနည်းကျပြီး ပိုမိုထိရောက်ကာ ပိုမိုတာဝန်ခံမှုရှိတဲ့ အဖွဲ့အစည်းဖြစ်လာဖို့ ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် တိုးတက်မှုဟာ ဝမ်းနည်းဖွယ်ရာ နှေးကွေးလှပါတယ်။

ကုလသမဂ္ဂအနေနဲ့ ပိုမိုဒီမိုကရေစီနည်းလမ်းကျစွာ ဆုံးဖြတ်ဆောင်ရွက်နိုင်စေဖို့၊ နိုင်ငံအားလုံးကို ကိုယ်စားပြုတဲ့ အထွေထွေညီလာခံရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲမှုဟာလည်း အရေးကြီးပါတယ်။ ဒီကိစ္စကို ကုလသမဂ္ဂ အထွေထွေညီလာခံမှာ နှစ်ပေါင်းများစွာ ဆွေးနွေးခဲ့ပေမယ့် တိုးတက်မှု အနည်းငယ်သာ ရရှိပါသေးတယ်။ ခက်ခဲနေတဲ့ လုံခြုံရေးကောင်စီဝင် တိုးချဲ့ရေးကိစ္စကို အာရုံစိုက်တဲ့အပြင် အထူးသဖြင့် ပိုမိုပွင့်လင်းမှုရှိပြီး ပိုမိုတာဝန်ယူမှုရှိတဲ့ လုံခြုံရေးကောင်စီဖြစ်လာစေဖို့အတွက် ကောင်စီရဲ့လုပ်ထုံးလုပ်နည်းများနဲ့ လုပ်ငန်းဆောင်ရွက်ပုံဆောင်ရွက်နည်းများကို အပြုသဘောအပြောင်းအလဲများ ပြုလုပ်တာလည်း ကျွန်တော်တို့ တွေ့မြင်လိုပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတု

အစုအပြုံလိုက် သေကျေပျက်စီးစေနိုင်တဲ့လက်နက်များ၊ အထူးသဖြင့် နျူကလီးယားလက်နက်များ ဆက်လက်ရှိနေတာဟာ လူသားထုကို ကြီးစွာခြိမ်းခြောက်မှု ပြုပါတယ်။ နျူကလီးယားလက်နက်များကို လုံးဝဖျက်သိမ်းခြင်းဟာ အဲဒီလက်နက်များနဲ့ ခြိမ်းခြောက်ခြင်းနဲ့ အသုံးပြုခြင်းမပြုဖို့ တစ်ခုတည်းသော အကြွင်းမဲ့အာမခံချက် ဖြစ်တယ်လို့ မြန်မာက ယုံကြည်ပါတယ်။ အဲဒါကြောင့် အဲဒီလက်နက်တွေ လုံးဝဖျက်သိမ်းဖို့ ရှေးရှုပြီး နျူကလီးယားခြိမ်းခြောက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချဖို့ နျူကလီးယားလက်နက်နိုင်ငံများကို ကျွန်တော်တို့က တောင်းဆိုလျက်ရှိပါတယ်။

အထောက်အကူပြု

နျူကလီးယားလက်နက်များကို လုံးဝဖျက်သိမ်းခြင်း မပြုလုပ်နိုင်မီမှာ နျူကလီးယားလက်နက်မဲ့နိုင်ငံများကို လုံခြုံရေးအာမခံချက်များပေးနိုင်မယ့် ခြွင်းချက်မထားဘဲ ဥပဒေကြောင်းအရ စည်းနှောင်အားရှိတဲ့ နိုင်ငံအားလုံးပါဝင်သော စာချုပ်စာတမ်းတစ်ရပ် ချုပ်ဆိုနိုင်ဖို့ ကျွန်တော်တို့ ဦးတည်ကြိုးပမ်းဆောင်ရွက်သင့်ကြပါတယ်။ သက်ဆိုင်ရာဒေသတွေမှာ နိုင်ငံတွေအကြား လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်တဲ့ နျူကလီးယားလက်နက်မဲ့ ဇုန်တွေ တည်ထောင်တာကို ကျွန်တော်တို့ ထောက်ခံပါတယ်။ နျူကလီးယားလက်နက်မဲ့ဇုန်တွေဟာ ဒေသတွင်းနဲ့ ကမ္ဘာ့လုံခြုံရေးကို တိုးမြှင့်စေပြီး နျူကလီးယားလက်နက်ဖျက်သိမ်းရေးရည်မှန်းချက်များကို ရရှိစေဖို့လည်း အထောက်အကူပြုပါတယ်။

အဏုမြူစွမ်းအင်ကို ကိုယ့်ကိုယ်ကို ဖျက်ဆီးမယ့်အရာ မဖြစ်စေဘဲ လူသားထုကို အကျိုးပြုတဲ့ကိရိယာသာဖြစ်စေဖို့ ကမ္ဘာ့နိုင်ငံအားလုံးက အတူတကွ ဆက်လက်ဆောင်ရွက်ကြမယ်လို့ ကျွန်တော်တို့က မျှော်လင့်ချက်ထားရှိပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတိုင်းဟာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောကိစ္စများအတွက် အသုံးပြုခွင့်ရှိရပါမယ်။ နျူကလီးယားနည်းပညာများကို စားနပ်ရိက္ခာနဲ့ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်းနဲ့ သိပ္ပံပညာစတဲ့နယ်ပယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ပါတယ်။ နျူကလီးယားမပြန့်ပွားရေးစာချုပ်ကို ထိရောက်စွာ အကောင်အထည်ဖော်စေဖို့အတွက် အပြည်ပြည်ဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုခိုင်မာစေရမယ်လို့ လွန်ခဲ့တဲ့အပတ်က ကျင်းပခဲ့တဲ့ လုံခြုံရေးကောင်စီ ထိပ်သီးဆွေးနွေးပွဲက ထပ်လောင်းအတည်ပြုတာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတု

အင်အားကြီးနိုင်ငံအချို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်မှာ ဖိအားပေးဖို့အတွက် စီးပွားရေးအရ ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ကြပါတယ်။ သူတို့ရဲ့ ဦးတည်ချက်ကတော့ အဲဒီနိုင်ငံတွေရဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုတို့ နောက်ခံများကို ထည့်သွင်းမစဉ်းစားဘဲ နိုင်ငံရေးနဲ့ စီးပွားရေးစနစ်တွေအပေါ် ဩဇာလွှမ်းမိုးဖို့ ဖြစ်ပါတယ်။ ကန့်သတ်ပိတ်ဆို့မှုများဟာ ပြည်သူလူထုရဲ့ စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတား ဖြစ်စေသည်သာမက၊ ပြည်တွင်းစီရင်ပိုင်ခွင့်အတွင်း ကျရောက်တဲ့ကိစ္စများမှာပါ ဝင်ရောက်စွက်ဖက်တဲ့အတွက် ကိုယ်ကျင့်တရားအခြေခံကင်းမဲ့ပါတယ်။ ကန့်သတ်ပိတ်ဆို့မှုတွေဟာ လူတန်းစားအလွှာစုံအပေါ် ခွဲခြားမှုမပြုဘဲ ထိခိုက်နစ်နာစေတဲ့အပြင် အကြမ်းဖက် ဖိအားပေးတဲ့အသွင်လည်း ဆောင်နေပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာမှာ စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများကို လက်နက်တစ်ခုအဖြစ် အသုံးပြုခြင်းဟာ တရားနည်းလမ်းကျခြင်း မရှိပါ။ မြန်မာနိုင်ငံအပေါ်မှာလည်း စီးပွားရေး ကန့်သတ်ပိတ်ဆို့မှုများကို နိုင်ငံရေးဖိအားပေးရန်အတွက် လက်နက်သဖွယ် အသုံးချနေတာရှိပါတယ်။ အဲဒီလိုလုပ်ရပ်တွေဟာ တရားမျှတမှုမရှိဘူးလို့ ကျွန်တော်တို့အနေနဲ့ မှတ်ယူပါတယ်။ အဲဒီလုပ်ရပ်တွေကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။

စားနပ်ရိက္ခာဖူလုံ

မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေတဲ့ စိုက်ပျိုးရေးအခြေခံနိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စားနပ်ရိက္ခာဖူလုံမှုရှိပြီး ဒေသအတွင်း စားနပ်ရိက္ခာလုံခြုံမှုကို အထောက်အကူပြုနိုင်စွမ်းရှိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေရဲ့ ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများရဲ့ အကျိုးကျေးဇူးကြောင့် လူမှုစီးပွားရေးအခြေအနေများ အထိုက်အလျောက် တိုးတက်မှုရရှိနေပါတယ်။ စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများ မရှိပါက ဒီထက်မက တိုးတက်အောင်မြင်မှာဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတု

၂၀၀၈ ခုနှစ် မေလမှာ နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ ကုလသမဂ္ဂ၊ အာဆီယံနဲ့ မြန်မာနိုင်ငံအစိုးရတို့ပါဝင်တဲ့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်။ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ရဲ့ အောင်မြင်မှုကို နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုပြီး အနာဂတ်မှာ ဘေးအန္တရာယ်ကျရောက်တဲ့အခါ စံနမူနာယူစရာ တုံ့ပြန်ဆောင်ရွက်မှု ယန္တရားတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုခံရပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကာလအတွက် နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးနဲ့ ကြိုတင်ပြင်ဆင်ရေးစီမံကိန်း (PONREPP) ကို ချမှတ်ခဲ့ပါတယ်။ အနာဂတ်ကာလမှာ အလားတူသဘာဝဘေးအန္တရာယ်များ ကျရောက်လျှင် ထိရောက်စွာ တုံ့ပြန်နိုင်ဖို့ နောက်ထပ်စီမံကိန်းများကိုလည်း ချမှတ်ထားပါတယ်။ အဲဒီစီမံကိန်းများ ထိရောက်အောင်မြင်အောင် ကျွန်တော်တို့ အားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးနဲ့ ကြိုတင်ပြင်ဆင်ရေးစီမံကိန်းဟာ လာမယ့် သုံးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ

မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေတဲ့ စိုက်ပျိုးရေး အခြေခံနိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စားနပ်ရိက္ခာ ဖူလုံမှုရှိပြီး ဒေသအတွင်း စားနပ်ရိက္ခာလုံခြုံမှုကို အထောက်အကူ ပြုနိုင်စွမ်း ရှိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေရဲ့ ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများရဲ့ အကျိုးကျေးဇူးကြောင့် လူမှုစီးပွားရေးအခြေအနေများ အထိုက်အလျောက် တိုးတက်မှု ရရှိနေပါတယ်။ စီးပွားရေး ကန့်သတ်ပိတ်ဆို့မှုများ မရှိပါက ဒီထက်မက တိုးတက်အောင်မြင်မှာ ဖြစ်ပါတယ်။

၆၉၁ သန်း လိုအပ်မှာဖြစ်ပါတယ်။ ယနေ့အထိ အဲဒီ ငွေပမာဏရဲ့ ထက်ဝက်မျှသာ နိုင်ငံတကာ အသိုက်အဝန်းက ထည့်ဝင်ဖို့ ကတိကဝတ် ပြုထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းအများအပြားကို ကိုယ့်မှာရှိတဲ့ ငွေကြေးနဲ့ အရင်းအမြစ်များ အပေါ် အားထားဆောင်ရွက်နေပါတယ်။ အကယ်၍ အလှူရှင်များက ၄င်းတို့ရဲ့ ကတိကဝတ်များအတိုင်း ဖြည့်ဆည်းကြမယ်ဆိုရင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်ထိရောက်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ မုန်တိုင်းဒဏ်ခံ ဒေသများမှ ပြည်သူတွေဟာ သူတို့ အကူအညီလိုတဲ့အချိန်မှာ စေတနာထက်သန်စွာ ကူညီပေးခဲ့ကြတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ နိုင်ငံတကာ အသိုက်အဝန်းတစ်ခုလုံးကို အမြဲကျေးဇူးတင်နေမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား-

နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီနည်းကျတဲ့ ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေးတို့ဟာ မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လိုအပ်ချက်များဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ၂၀၀၈ခုနှစ် မေလမှာပြုလုပ်တဲ့ ပြည်သူ့ဆန္ဒခံယူပွဲမှာ မဲပေးခွင့်ရှိသူအားလုံးရဲ့ ၉၂ဒသမ၄ရာခိုင်နှုန်းရဲ့ ထောက်ခံမှုနဲ့ အတည်ပြုခဲ့ပြီးဖြစ်တာ အားလုံးအသိဖြစ်ပါတယ်။ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို လာမယ့်နှစ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော်ကျင်းပပြီး အစိုးရဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်မှာ လွှတ်တော်နှစ်ရပ်ရှိပါမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်မှာ သမ္မတဦးဆောင်သည့် အုပ်ချုပ်မှုစနစ်ကို ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်ပါမယ်။ နိုင်ငံတော်မှာ ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီးခုနစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုတို့ ရှိမှာဖြစ်ပါတယ်။ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပါမယ်။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအရ ပြည်နယ်နဲ့တိုင်း ဥပဒေပြုအဖွဲ့အစည်း ၁၄ခုလည်း ရှိပါမယ်။

__ဖြည့်ဆည်းပေးနိုင်__

ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းဖို့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ တစ်ပါတီရဲ့ ကျဉ်းမြောင်းတဲ့အကျိုးစီးပွားအတွက် အလေးထားမှာ မဟုတ်ပါဘူး။ နိုင်ငံတစ်ခုလုံးအတွက် တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို အလေးထားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ သဘောထား တိုက်ဆိုင်သူဖြစ်စေ၊ မတိုက်ဆိုင်သူဖြစ်စေ ဒီမိုကရေစီ ပန်းတိုင်ကို မျက်ခြည်မပြတ်ကြစေဘဲ အင်တိုက်အားတိုက်ပါဝင်ကြဖို့ နိုင်ငံသားအားလုံးကို ကျွန်တော်တို့ တိုက်တွန်းထားပါတယ်။ ဒီလို နည်းနဲ့သာ ပြည်သူလူထုရဲ့ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော် အစိုးရအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပဖို့ စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီများ ဖွဲ့စည်းနိုင်ဖို့နဲ့ ရွေးကောက်ပွဲ ဝင်နိုင်ဖို့အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ ၂၀၀၉ခုနှစ် စက်တင်ဘာလ ၁၇ရက်နေ့က အကျဉ်းသား ၇၁၁၄ယောက်ကို ကောင်းစွာနေထိုင်တဲ့အတွက် လွှတ်ပေးခဲ့ပါတယ်။ သူတို့လည်း နောက်နှစ်ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ ပါဝင်နိုင်မှာ ဖြစ်ပါတယ်။

ပါတီစုံရွေးကောက်ပွဲဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ဒီမိုကရေစီ ထွန်းကားတဲ့ အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အရေးကြီးတဲ့ခြေလှမ်း ဖြစ်ပါတယ်။ ဒီမိုကရေစီကို ပြည်ပက ချမှတ်စေလို့မရဘဲ မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ စနစ်ဟာ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအတွင်းကသာ ပေါက်ဖွားလာနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားများကသာ သူတို့ရဲ့အနာဂတ်ကို အကောင်းဆုံး ဆုံးဖြတ်သတ်မှတ် ပေးနိုင်ကြသူများဖြစ်ပါတယ်။ သူတို့ကသာ ဒီမိုကရေစီရဲ့ အားနည်းချက်များနဲ့ အားသာချက်များကို သုံးသပ်ပြီး လိုအပ်သလို ပြုပြင်သွားနိုင်ကြသူများ ဖြစ်ပါတယ်။

နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ ပြဋ္ဌာန်းတဲ့ တရားမျှတခြင်း၊လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ မူများအပေါ် အခြေပြုတဲ့ နိုင်ငံတော်အသစ်ပေါ်ထွန်းလာမှာကို နားလည်မှုပြသခြင်းဖြင့် အကောင်းဆုံး အကူအညီပေးနိုင်ကြပါတယ်။

သဘာပတိကြီးခင်ဗျား-

လာမယ့်နှစ်တွေမှာ နိုင်ငံအားလုံးအလေးထားဖြေရှင်းဆောင်ရွက်ရမယ့် ကမ္ဘာလုံးဆိုင်ရာကိစ္စတွေဟာ ပိုမိုများပြားလာမှာဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံအားလုံးရဲ့ ခိုင်မာတဲ့နိုင်ငံရေး ဆန္ဒနဲ့ သန္နိဋ္ဌာန် လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော့်အရင် မိန့်ခွန်း ပြောကြားကြသူများက ပြဿနာများနဲ့ စိန်ခေါ်မှုများအတွက် အဖြေများ ရှာဖွေရာမှာ စုပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့ရဲ့ သဘောထားအမြင်များကို သဘောတူပါကြောင်းနဲ့ မြန်မာနိုင်ငံအနေနဲ့ ကိုယ့်ကဏ္ဍကို ကိုယ်ကျေပွန်စွာ ထမ်းဆောင်မယ်ဖြစ်ကြောင်း အတည်ပြုပါတယ်။

ကျေးဇူးတင်ပါတယ်။ ။



Nay Pyi Taw Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Air Bagan Ltd. နှင့် International Beverages Trading Co., Ltd. (IBTC) တို့က အဓိက ပံ့ပိုးကူညီသော Nay Pyi Taw Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ City Golf Course ၌ ကျင်းပသည်။

__ပထမနေ့__

အခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး နေပြည်တော် မြို့တော်ဝန် ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ Air Bagan Ltd.မှ ဒါရိုက်တာဦးမင်းသိန်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယ ဥက္ကဋ္ဌဦးအောင်ကြည်၊ International Beverages Trading Co.,Ltd. မှ Executive Director ဦးတင့်ဦးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

__ဦးဆောင်__

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ သိန်းဇော်မြင့်(KM Golf Centre)နှင့် နိုင်နိုင်လင်း(Srixon)တို့က သတ်မှတ်ရိုက်ချက် ၆၇ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိပြီး လှမျိုးက သတ်မှတ်ရိုက်ချက် ၆၉ချက်ဖြင့် တတိယလိုက်လျက်ရှိသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် မောင်မောင်ဦး(YMGCC)ကသတ်မှတ်ရိုက်ချက် ၆၉ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်း(သစ်တော)က သတ်မှတ်ရိုက်ချက် ၇၀ဖြင့် ဒုတိယ၊ ရန်မျိုးအေးက သတ်မှတ်ရိုက်ချက် ၇၁ ချက်ဖြင့် တတိယလိုက်လျက်ရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုနှင့် The Emerald Sea Resort (Ngwe Saung Beach) ၏ ပံ့ပိုးကူညီမှုတို့ဖြင့် စာရေးဆရာ မောင်စူးစမ်းက စီးပွားရေး အမြင်သစ်များ (New Thoughts on Economy) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို အောက်တိုဘာ ၁ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြပြီး ဟောပြောပွဲများကို လတစ်လ၏ ပထမပတ် ကြာသပတေးနေ့တိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ (က)အုပ်စု ရတခဇုန် (မော်လမြိုင်)၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ)၌ တပ်မတော်(လေ)အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်းမြို့နယ်အပိုင်း၌ ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့ကို ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း

နယ်စပ်/စည်ပင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် စက်တင်ဘာ၂၈ရက်တွင် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော စစ်ကိုင်းမြို့နယ် အပိုင်း မိုင်တိုင်(၀/၂)နှင့် (၀/၄)အကြား၌ စက်ယန္တရားများဖြင့် မြေသားလမ်းပြုပြင်နေမှုနှင့် မိုင်တိုင်(၃/၀)တွင် ကျောက်ချောလမ်းခင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်အပိုင်း မိုင်တိုင်(၃/၄)နှင့် မိုင်တိုင်(၇/၄)တို့၌ ကျောက်ချော လမ်းခင်းနေမှုကိုလည်းကောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြေသားလမ်းဆောင်ရွက်မည့် လမ်းကြောင်း တစ်လျှောက်ကို မော်တော်ယာဉ်ဖြင့်လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

__ခရိုင်ချင်းဆက်လမ်းအမှတ်(၃)__

ခရိုင်ချင်းဆက်လမ်း အမှတ်(၃) သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းဖြစ်ပြီး ကချင်ပြည်နယ်အတွင်း အရှည်၁၁၄ မိုင် ၆ဖာလုံ၊ စစ်ကိုင်းတိုင်း အတွင်း အရှည် ၂၂၅မိုင် ၁ဖာလုံ စုစုပေါင်း လမ်းအရှည် ၃၃၉မိုင် ၇ဖာလုံရှိသော လမ်းဖြစ်သည်။ အဆိုပါ လမ်းကို စည်ပင်သာယာရေးဦးစီးဌာနက ယခုနှစ်မှစတင်၍မြေသားလမ်းမှ ကျောက်ချောလမ်း၊ ယင်းမှတစ်ဆင့် ကတ္တရာလမ်းအဆင့်သို့နှစ်အလိုက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်း အတွင်း၌ မြေသားလမ်း ၁၂၅မိုင်နှင့် ကျောက်ချောလမ်း ၂၅မိုင်၊ ကချင်ပြည်နယ်အတွင်း၌ မြေသားလမ်း ၇၅မိုင်နှင့် ကျောက်ချောလမ်း ၂၅မိုင် တို့ကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးမြို့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး ဦးအောင်သန်းမြင့်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၄၅၁ဦး တို့အား တွေ့ဆုံ၍ လည်းကောင်း၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ လည်းကောင်း အမှာစကားပြောကြားကာ ကျောင်း၏ လိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

__ကြည့်ရှုစစ်ဆေး__

ဆက်လက်၍ ဝန်ကြီးသည် တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက်လမ်း အမှတ်(၁) တံတားဦးမြို့နယ် ချောင်းခွကျေးရွာအနီး၌ မိုးရာသီအတွင်း ရေတိုက်စား၍ ပျက်စီးသွားသည့် လမ်းပြုပြင်ပြီးစီးမှုနှင့် ကျောက်ချောလမ်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နွားထိုးကြီးမြို့နယ် ရွှေပြည့်ရင် ကျေးရွာအနီး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မိုးရာသီအတွင်း ကတ္တရာလမ်းပေါ် ရေကျော်၍ ကတ္တရာလမ်းသားနှင့် လမ်းပခုံးများ ပျက်စီးမှုကို ပြုပြင်ပြီးစီးမှုနှင့် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

__ပြီးစီးအောင်__

ခရိုင်ချင်းဆက် လမ်းအမှတ်(၁) သည် အရှည်စုစုပေါင်း မိုင် ၄၀၀ ၁ဖာလုံ ရှိပြီး မန္တလေးတိုင်းအတွင်း ၈၃မိုင် ၂ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်၍ ကျန်တိုင်းများတွင် ကတ္တရာလမ်း ၁၇၇ မိုင်နှင့် ကျောက်ချောလမ်း၁၃၉မိုင် ၇ဖာလုံကို ဆောင်ရွက်ပြီးဖြစ်ကာ ယခုနှစ်အတွင်း စုစုပေါင်းကတ္တရာလမ်း ၂၈၅မိုင်အထိ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေး လုပ်ငန်းအတွက် ဝမ်းတွင်း(၁) နယ်မြေတွင် တူးဖော်နေသော အချင်း ရှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ မြေအောက်ရေကြောမှ စတင် ရေယူနေမှုနှင့် တွင်းဆေးခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၆ရက်က မန္တလေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေး စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်ဆင်လှူပွဲနှင့် ဆင်ပွဲ

ဦးခင်မောင်မြင့်(မြစ်သား)

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့တွင် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ရက်နေ့၌ မြို့ပေါ် ရပ်ကွက်များနှင့် အနီးအပါး ကျေးရွာများမှ ဆင်ရုပ်ကြီးများ ပြုလုပ်လျက် ကခုန်တီးမှုတ်ကာ မြို့တွင်းသို့ လှည့်လည်ပြီး ဆင်ပွဲပြုလုပ်ကြပါသည်။ ရှေးအခါက တကယ့်ဆင်များဖြင့် လှည့်လည်ကြသည်ဟု သိရပါသည်။ ထို့နောက် ရွှေသာလျောင်းစေတီတော်ကြီးကို ဖူးမြော်ကန်တော့ကြပြီးမှ လူစုခွဲကြသည်။ လူငယ်လူရွယ်အများပင် ပါဝင်ဆင်နွှဲ ပျော်ရွှင်ကြသော ပွဲတော်ကြီးတစ်ခု ဖြစ်လေသည်။ ဆင်ပွဲကို လူကြီးလူငယ်အားလုံး သဘောကျသည်၊ စိတ်ဝင်စားကြသည်၊ နှစ်သက်ကြသည်။ ဆင်ပွဲသည် ပျော်ပွဲရွှင်ပွဲသက်သက် မဟုတ်ပါ။ သမိုင်းကြောင်း ရှိပါသည်။ ရွှေသာလျောင်းဘုရားကြီးကို ဆင်လှူရာမှ ဆင်ပွဲဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ပုဂံပြည့်ရှင် အနော်ရထာဘုရင်သည် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) ဓာတုသေနမင်းထံမှ ရရှိခဲ့သော မြတ်စွာဘုရားရှင်၏ စွယ်တော်များကို အဓိဋ္ဌာန်ပြု၍ ဆင်ဖြူတော်တွင် တင်လွှတ်ခဲ့ရာ ဆင်ဖြူတော်သည် ပထမ ပုဂံ တန့်ကြည့်တောင်၊ ဒုတိယ ကျောက်ဆည် ရွှေသာလျောင်းတောင်နှင့် တတိယ မြစ်သာလွှင်ပြင် ပြက်ခဲယွေ့တောင်(မြစ်သားမြို့နယ်)တို့၌ အစဉ်လိုက် ဝပ်တော်မူသဖြင့် မင်းကြီးကိုယ်တိုင် ထိုတောင်များပေါ်တွင် စေတီတော်တစ်ဆူစီ တည်ထား လှူဒါန်းတော်မူခဲ့လေသည်။ ကျောက်ဆည် ရွှေသာလျောင်းတောင်သို့ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခဲ့သော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားနှင့် ဂေါတမဘုရားတို့ ကြွလာကြသည်ဟု အဆိုရှိပါသည်။ သို့ဖြစ်၍ ရွှေသာလျောင်းတောင်နှင့် ရွှေသာလျောင်းစေတီကြီးသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ပြုရာ နေရာကြီးဖြစ်နေပါသည်။

အနော်ရထာဘုရင်သည် လယ်တွင်း ၁၁ ရွာကို ထူထောင်ပေးခြင်း၊ စေတီဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဆည်ကြီး ၇၀ ကို တူးဖော် ဆောက်လုပ်ပေးခြင်း စသည်များကို ကျောက်ဆည် နယ်ထဲ၌ ဆောင်ရွက်ပေးထားခဲ့သည်။ ထို့နောက် အနော်ရထာဘုရင်သည် "ငါ တူးဖော်ထားသော ဆည်များမှ ဆည်ရေကို သောက်သုံးသူတို့သည် ငါ တည်ခဲ့သော ဘုရားတို့ကို ဆင်ဖြူ၊ ဆင်နီတို့ဖြင့် လှူဒါန်းပူဇော်ကြရမည်" ဟု အမိန့်တော် ချမှတ်ခဲ့ပါသည်။

ထိုအမိန့်တော်နှင့်အညီ ဒေသခံ ဆည်မြောင်း ရေသောက်နယ်ပယ် အတွင်းရှိ လူအများက ကျောက်ဆည် ဤရွှေသာလျောင်း တောင်ပေါ်စေတီ ဘုရား၌ အစဉ်အလာအားဖြင့် တပေါင်းလ၌ ဘုရားပွဲတော် ပြုလုပ်ခြင်း၊ သီတင်းကျွတ်လအခါ၌ ရွှေဆင်ငွေဆင် စသော ဆင် ၁၀ မျိုးတို့၏ အရုပ်ကို လှူဒါန်းတော်မူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အနော်ရထာဘုရင်ကိုယ်တိုင် လည်း ရွှေသာလျောင်းတောင်ဘုရား၌ ရွှေဆင်-ငွေဆင် စသော ဆင် ၁၀ မျိုး ကို လှူဒါန်းခဲ့ပါသည်။

ရွှေဆင်-ငွေဆင် စသော ဆင် ၁၀ မျိုးမှာ ပိဋကတ်ကျမ်းလာ ဆင် ၁၀ မျိုးဖြစ်ပါသည်။ ၎င်းတို့မှာ-

(၁) မည်းသောအဆင်းရှိသည့် ကာလဝကဆင်မဲ။
(၂) အသင်းအဖွဲ့နှင့် ကျက်စားသည့် မြီးဆံလှသော ဂင်္ဂေယျဆင်။
(၃) ဖြူသောအဆင်းရှိသည့် ပဏ္ဍရဆင်ဖြူ။
(၄) နီကြောင်အဆင်းရှိသည့် တမ္ဗဆင်။
(၅) အဖြူအပြာရောနေသည့် ပိင်္ဂလဆင်။
(၆) ကောင်းသောအနံ့ရှိသည့် ဂန္ဓဆင်။
(၇) ကြေးနီအဆင်းရှိသည့် မင်္ဂလဆင်။
(၈) ရွှေအဆင်းရှိသည့် ဟေမာဆင်။
(၉) မျက်နှာ၊ လည်ပင်း၊ ခြေလေးဖက်၌ တက်သစ်စ နေအဆင်းရှိခြင်း၊ ခံတွင်း၌ ကြာနီအဆင်းရှိခြင်း၊ ကိုယ်၊ ခြေသည်း၊ အစွယ်တို့၌ ဖြူသောအဆင်းရှိခြင်း၊ အမွေး၌ ရွှေအဆင်းရှိခြင်း၊ တည့်တည့်ရပ်နေစဉ် နှာမောင်း၊ ခြေလေးဖက်၊ အမြီး၊ အစွယ်အင်္ဂါခုနစ်ပါး မြေသို့ ထိခြင်း စသည်တို့နှင့် ပြည့်စုံသော ဥပေါသထဆင်။ (ကောင်းကင်သို့ ပျံနိုင်သည်။)
(၁၀) ဥပေါသထဆင်နှင့် အလုံးစုံလက္ခဏာတူခြင်း၊ ရောင်ခြည် ခြောက်ပါး အစွယ်ရှိခြင်း၊ အလိုရှိတိုင်း ဖန်ဆင်းနိုင်ခြင်း၊ အင်အားအရာတွင် အခြားဆင်များထက် ကြီးမားခြင်းတို့နှင့် ပြည့်စုံသော ဆဒ္ဒန်ဆင်

ဟူ၍ ဖြစ်ပါသည်။

အနော်ရထာဘုရင်၏ ကောင်းမှုကုသိုလ်များဖြစ်သည့် လယ်တွင်း ကိုးခရိုင်နယ်မြေအတွင်းရှိ ကျောက်ဆည် ရွှေသာလျောင်းတောင် စေတီဘုရား တွင် ဒေသခံ နယ်သူနယ်သားတို့ ဆင်ရုပ်များ ပြုလုပ် လှူဒါန်းပူဇော်ကြသည့် ဓလေ့မှာ ရှေးနှစ်ပေါင်းများစွာ ကြာမြင့်ရှည်လျားသော ကာလကပင် အစဉ် အလာရှိခဲ့သော ဓလေ့တစ်ခု ဖြစ်ပါသည်။ ရှေးအခါက သီတင်းကျွတ်လဆန်း ၁၄ရက်နေ့ ရောက်ပြီဆိုလျှင် ဒေသခံ နယ်သူနယ်သားတို့သည် ဆင်ရုပ်ပုံ မုန့်များ ပြုလုပ်၍ ပန်းကန်ပြားများတွင်ထည့်ကာ ရွှေသာလျောင်းတောင်ပေါ် စေတီဘုရား၏ မုခ်လေးမုခ်ရှေ့၌ ကပ်လှူပူဇော်ခဲ့ကြသည်။ နောက်ပိုင်းကာလ တွင် ယင်းဆင်မုန့်ရုပ်များအစား ရွှံ့ဖြင့် ဆင်ရုပ်များပြုလုပ်၍ ရွှေရောင်၊ ငွေရောင် စက္ကူများကပ်ပြီး လှူဒါန်းလာကြသည်။

ထို့နောက်ပိုင်းတွင် ဝါးစက္ကူတို့ဖြင့် ချိုးလုပ်သည့် ဆင်ရုပ်ငယ်များကို ထမ်းစင်ပေါ်တင်၍ ရွှေသာလျောင်းတောင်ပေါ် အရောက်ထမ်းကာ လှူဒါန်းကြသည်။ အချို့က ထမ်းစင်ပေါ်တွင် ပြာသာဒ်ပြုလုပ်၍ ထိုပြာသာဒ်အတွင်းသို့ ဆင်ရုပ်များထည့်ယူလာပြီး လှူဒါန်းကြသည်။ အချို့ကမူ ပြာသာဒ်မပြုလုပ်ဘဲ ထမ်းစင်၏ ထောင့်လေးထောင့်တွင် ဖြူ၊ နီ၊ ဝါ၊ ပြာ အလံများ စိုက်ထူလျက် ဆင်ရုပ်များကို တောင်ပေါ်အရောက် သယ်ဆောင်လာပြီး လှူဒါန်းကြလေသည်။

ဆင်ရုပ်များကို ထမ်းစင်ဖြင့် သယ်ဆောင်လာကြသော ဒေသခံ ရပ်ကွက် ကျေးရွာအသီးသီးမှ ကုသိုလ်ပြုသူ အလှူရှင်အဖွဲ့များသည် ပထမ ဦးစွာ ကျောက်ဆည်မြို့တွင်းရှိ ဈေးကို အကအခုန် အတီးအမှုတ်တို့ဖြင့် သုံးပတ်လှည့်ကြသည်။ ကျောက်ဆည်ဈေးကို လှည့်ပတ်ခြင်း အဓိပ္ပာယ်မှာ ကျောက်ဆည် ဈေးတည်ရာ မြေနေရာသည် ရှေးခေတ်က ရွှေသာလျောင်း ဘုရား ဝတ္တကမြေဖြစ်ခဲ့သောကြောင့် ရှေးဦးစွာ ဘုရားမြေအတွင်း လှည့်ပတ် ပူဇော်ကြခြင်း ဖြစ်သည်။ ပြီးမှ ရွှေသာလျောင်းတောင်ပေါ်သို့ တက်၍ ဆင်ရုပ်များ လှူကြလေသည်။

၁၉၂၁ ခုနှစ်မှစ၍ နောက်ပိုင်းကာလများတွင် ရွှေသာလျောင်း တောင်တက်လမ်းတစ်လျှောက် ဇောင်းတန်းများ ဆောက်လုပ်လှူဒါန်းလာကြ သဖြင့် ထမ်းစင်ဖြင့် ဆင်ရုပ်တင်၍ တောင်ပေါ်တက်လှူရန် အခက်အခဲ ပေါ်ပေါက်လာသည်။ ထိုအခါ ထမ်းစင်ပေါ်တွင် တင်လှူသည့် ဆင်ရုပ်များ အစား မြေနင်းဆင်ရုပ် ပြုလုပ်သည့် ဆင်ချိုးပညာရှင်များ ပေါ်ပေါက်လာပြီး လူကိုယ်တိုင် ဝင်၍ရသော ဆင်ရုပ်များဖြင့် လှည့်ကရသည့် ဆင်ပွဲအဖြစ် ကူးပြောင်းလာကာ ထမ်းစင်ဖြင့် တင်ယူလှူဒါန်းသော ဆင်ရုပ်များ တစ်စ တစ်စ ပျောက်ကွယ်သွားခဲ့ပါသည်။ ယနေ့ ကပြနေသော ခံ့ညားလှပသည့် ဆင်ရုပ်များအဆင့်သို့ရောက်အောင် ဆင်ရုပ်ချိုးပညာမှာ တစ်ဆင့်ပြီး တစ်ဆင့် တီထွင်ပြောင်းလဲ တိုးတက်လာခဲ့ပါသည်။

ရွှေသာလျောင်းတောင်ဘုရား ဆင်လှူခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော လူကိုယ်တိုင် ဝင်ကရသည့် ကျောက်ဆည် ဆင်ပွဲကား နှစ်စဉ် သီတင်းကျွတ်လရောက်မှ ကျင်းပသည်ဖြစ်သော်လည်း ယင်းမတိုင်မီ ဝါဝင်ပြီဆိုသည့် အချိန်လောက်မှစ၍ ဆင်ရုပ်ချိုးခြင်း၊ ဆင်ရုပ်အလှပြင်ခြင်း၊ ဆင်အကလေ့ကျင့်ခြင်း စသည်များ ကြိုတင်ပြုလုပ်ရ၍ ဆင်ပွဲမပြုလုပ်မီမှာ ပင် ကျောက်ဆည်မြို့နယ်အတွင်း၌ ဆင်အက အတီးအမှုတ်တို့ကို ကြားနေ ရပါသည်။

ဆင်အကအဖွဲ့များသည် ဆင်ပွဲကြည့် ပရိသတ်ကို နတ်ဒိုးအက၊ အရိုင်အက၊ အယဉ်အကနှင့် ဆင်ဖမ်းအကဟူ၍ ခွဲခြား ကပြခဲ့ကြသည်။ နတ်ဒိုးအကဆိုသည်မှာ ဆင်ချိုးပညာရှင်ထံ၌ အပ်နှံချိုးခိုင်းထားသည့် ဆင်ရုပ် ပြီးစီး၍ လက်ခံရယူလိုက်သည်နှင့် နတ်တင်ထားသည့် ကန်တော့ပွဲရှေ့တွင် နတ်ဒိုးအကခေါ် ဆင်ဦးခေါင်းပိုင်းကို နှိမ့်ကာနှိမ့်ကာ နတ်ပူးသလို တဆတ် ဆတ်တုန်၍ ကပြခြင်း ဖြစ်သည်။

အရိုင်အကဆိုသည်မှာ ဒိုးပတ်ဝိုင်းအက ဖြစ်သည်။ တီးဝိုင်းက ခပ်သော့သော့ ခပ်ကြမ်းကြမ်းတီးလိုက်သည်နှင့် ဆင်ကလည်း တီးချက်နှင့် အညီ ခုန်လိုက်ပေါက်လိုက် ဝှေ့လိုက်တိုးလိုက်နှင့် ခပ်ကြမ်းကြမ်း ခေါင်းကို ဝှေ့ယမ်းကပြခြင်း ဖြစ်သည်။

အယဉ်အက ဟူသည် ယိုးဒယားသီချင်း တီးလုံးသွားဖြင့် ယဉ်ယဉ် လေး ကခြင်းဖြစ်သည်။ ဆင်ဖမ်းအကမှာ ဆင်ဖမ်းသမားအဖြစ် တစ်ဦးက သရုပ်ဆောင်၍ ချွန်း၊ လှံ၊ ကြိုးများကိုင်ဆောင်ကာ ဆင်ရှေ့မှ လူက ကကြိုး ကကွက်ဖြင့် ဆင်ကြမ်းနှင့် လူစွမ်းအင်ပြိုင်ကြပုံ၊ လူအားမာန်နှင့် ဆင်အားအင် ပြိုင်ကြပုံ ကပြကြလေသည်။ နောက်ဆုံး၌ ဆင်ကြမ်းကြီးမှာ ဆင်ဖမ်း သမား၏ အဖမ်းခံလိုက်ရပုံဖြင့် အဆုံးသတ်လိုက်ပါသည်။

ကျောက်ဆည် ဆင်ပွဲပြုလုပ်ခဲ့သည်မှာ နှစ်ပေါင်း ၇၅နှစ်ကျော်နေပြီ ဖြစ်ရာ ဆင်ပွဲ မပြုလုပ်ဖြစ်သည့်နှစ်ဟူ၍ မရှိခဲ့ပါ။ ဆင်ပွဲ ပိုမိုစည်ကားရန်နှင့် ဆင်ကအဖွဲ့များ ပိုမို စိတ်အားထက်သန်စေရန်အတွက် ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများက ရွှေသာလျောင်း တောင်ခြေတွင် မဏ္ဍပ်ထိုး ဆင်ကသည့် အကစင်များထိုးပြီး ကျင်းပပေးကာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု စသည်ဖြင့် ဆုငွေများ ချီးမြှင့်ပေးခဲ့ပါသည်။ ပြိုင်ပွဲသို့ ဘော်ကြယ်ဆင်၊ ရိုးရာဆင်၊ ကလေးဆင်ဟူ၍ ဆင်သုံးမျိုး ဝင်ပြိုင် ကြကာ ဆင်အက လေးမျိုးစလုံးကို ကပြ ပြိုင်ဆိုင်ကြရပါသည်။ သုံးမျိုး စလုံးကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ပေးခဲ့ပါသည်။ နောက်ပိုင်း နှစ်များတွင် အသက်အကြီးဆုံး ဆင်ဆု၊ ဂုဏ်ပြုဆင်ဆုနှင့် ဆွမ်းတော် ဝတ်အဖွဲ့ ဆင်ဆုတို့ကိုလည်း ချီးမြှင့်ပေးပါသည်။ ၂၀၀၂ ခုနှစ်မှစ၍ ကျောက်ဆည်အသင်း (ရန်ကုန်)သည် ကျောက်ဆည် ဆင်အလှနှင့် ဆင်အက ပြိုင်ပွဲတွင် ခရိုင်နှင့် မြို့နယ် အဖွဲ့အစည်းများနှင့်အတူ ပါဝင်တက်ရောက်ပြီး ဆုချီးမြှင့်ငွေများတွင်လည်း ပါဝင်ကူညီခဲ့ပါသည်။

ဆင်ပွဲပြုလုပ်ပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် တာဝန်ရှိသူ များ၊ ရွှေသာလျောင်း ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောက်ဆည် အသင်း (ရန်ကုန်) အမှုဆောင်များသည် ရွှေသာလျောင်းတောင်ဘုရားတွင် ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်များ လှူဒါန်းပြီး သံဃာတော်များအား ဆွမ်းကပ် လှူဒါန်းခြင်း၊ လှူဖွယ်ရာများဖြင့် လှူဒါန်းခြင်းများ ပြုလုပ်ပါသည်။ အရပ်သူ အရပ်သားများကလည်း ဘုရားတွင် ဆွမ်းလှူခြင်း၊ လူပရိသတ်အား စတုဒိသာကျွေးခြင်း စသည်များ ပြုလုပ်ကြပါသည်။

ယခင်နှစ် ၁၃-၁၀-၂၀၀၈ရက် နံနက် ၇ နာရီခွဲတွင် ကျောက်ဆည် ရွှေသာလျောင်းတောင်ခြေရှိ မဏ္ဍပ်၌ကျင်းပသော ဆင်အကပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ကျောက်ဆည်အသင်း (ရန်ကုန်)မှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဆင်အကအဖွဲ့များ၊ ပြည်သူအများ တက်ရောက်ကြသည်။ ကမ္ဘာလှည့်ခရီးသည်များလည်း တက်ရောက် လေ့လာသည်ကို တွေ့ရှိရပါ သည်။ တစ်နေကုန် ဆင်အကပြိုင်ပွဲ ကျင်းပပြီး ည ၇နာရီတွင် ဆုရဆင်အဖွဲ့ များကို တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ပါသည်။ ဆုချီးမြှင့်ငွေများမှာ ပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျပ်ငါးသိန်း၊ နို့ဆီချက်လုပ်ငန်းရှင်များက ကျပ် ခြောက်သိန်း၊ကမ္ဘောဇဘဏ်ဥက္ကဋ္ဌဦးအောင်ကိုဝင်း၏ ပံ့ပိုးမှုဖြင့် ကျောက်ဆည် အသင်း(ရန်ကုန်)က ကျပ် ၁၅သိန်း ပေါင်း ကျပ် ၂၆သိန်းဖြစ်သည်။ ယခု ၂၀၀၉ခုနှစ် ဆင်ပွဲတွင် ဆုချီးမြှင့်ငွေ ပိုမိုများပြားလာမည်ဟု မျှော်လင့်ရပါ သည်။ ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ၏ ပံ့ပိုးမှုဖြင့် ကျောက်ဆည်အသင်း(ရန်ကုန်)က ကျောက်ဆည်ဈေးအား သုံးပတ် လှည့်ကသော ဆင်အဖွဲ့တိုင်းကို ကျပ် သုံးသောင်းစီ ချီးမြှင့်ရန်လည်း စီစဉ်ထားကြောင်း တင်ပြအပ်ပါသည်။

ကမ္ဘာတွင် ရှားမှုရှားသော ကျောက်ဆည်ဆင်ပွဲ အစွန့်ရှည်ပါစေ ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

စက်တင်ဘာ ၁၃ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သင်္ချာ အိုလံပစ်ဗဟိုအဆင့် ပထမဆုရ ငါးဘာသာဂုဏ်ထူးရှင် မကေခိုင်နှင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နမ္မတူမြို့မဈေး စားသောက်ကုန်များ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

နမ္မတူမြို့ မြို့မဈေးအတွင်းနှင့် ဈေးအပြင်တို့တွင် အိုင်အိုဒင်းဆား အရည် အသွေးပြည့်ဝစွာ ပါဝင်မှုရှိ မရှိ ရောင်းချမှု၊ ကြက်ဥအတု ရောင်းချမှု၊ လက်ဖက် ဆိုးဆေးပါ မပါရောင်းချမှု၊ ကျန်းမာရေးဌာနမှ တားမြစ်ထားသော စားသုံးရန်မသင့်သည့် စားဆီများ၊ ငါးပိများ ရောင်းချနေခြင်းရှိ မရှိတို့ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်သန်းနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက် ခဲ့သော ပြွန်တန်ဆာမြို့ အေးရွာ-ဂျို့ပင် ကျေးလက်ဂဝံလမ်းခင်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၄ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင် ဝင်းနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း ပြည်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်၊ လူထိခိုက်ဒဏ်ရာရရှိမှု မရှိ

တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ပဲခူးတိုင်း ပြည်မြို့နယ်အတွင်း စက်တင်ဘာ ၂၆ရက်နှင့် ၂၇ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နဝင်းချောင်းရေ မြင့်တက်ခဲ့ပြီး နတ်တလင်းကျေးရွာ အုပ်စုနှင့် ဇီးအုပ်ကျေးရွာအုပ်စုတို့၌ ရေအမြင့် သုံးပေခန့် ဝင်ရောက်ခဲ့မှုကြောင့် လူနေ အိမ်အချို့ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

ရေလွှမ်း

ချောင်းရေလျှံမှုကြောင့် နတ်တလင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ လေးရွာမှ အိမ်ခြေ ၁၅၀ ခန့်နှင့် ဇီးအုပ်ကျေးရွာအုပ်စု မတောင့်တကျေးရွာမှ အိမ်ခြေ ၇၀ခန့် စုစု ပေါင်း အိမ်ခြေ ၂၂၀ခန့်ကို ရေလွှမ်းခဲ့ပြီး မတောင့်တကျေးရွာနှင့် သဖန်းချိုကျေးရွာကို ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမှ ကွန်ကရစ်တိုင်၊ သစ်သားခင်း ဘေလီတံတားမှာ ရေတိုက်စားမှုကြောင့် ကျိုးကျခဲ့ကြောင်း သိရှိရသည်။

ကူညီဆောင်ရွက်

အဆိုပါ ရေလွှမ်းမိုးမှုဖြစ်ပွားရာသို့ နယ်မြေခံ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ သွားရောက်၍ အိမ်ထောင်စုဝင်များအား ဇီးအုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်း နေရာချထားပေးခဲ့ပြီး ကယ်ဆယ်ရေး၊ ပြန်လည် နေရာချထားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ပထမနေ့အဖြစ် စတင်ဆောင်ရွက်

အစားထိုး ကျောက်ကပ်ကို အောင်မြင်စွာ တပ်ဆင်နိုင်

ရန်ကုန် စက်တင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းကို ပထမနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ စတင်ဆောင်ရွက်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုအဖွဲ့ဝင်များ၊ မေ့ဆေးအဖွဲ့ဝင်များ၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုအဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများအားတွေ့ဆုံ၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ပြုစုပြင်ဆင်

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု မပြုမီလူနာများအား ဆီးနှင့်ကျောက်ကပ် ဆေးအထူးကုအဖွဲ့ ပါမောက္ခဒေါက်တာ ဦးခင်မောင်ဌေး ခေါင်းဆောင်သော ဆရာဝန်ကြီး ၁၁ဦး၊ သူနာပြုဆရာမကြီး ဒေါ်ခင်မိမိနှင့် သူနာပြု ၁၆ဦးတို့က ပြုစုပြင်ဆင်ပေးခဲ့ကြသည်။

ခွဲခန်းအတွင်းရောက်ရှိလာသည့် လူနာနှင့် ကျောက်ကပ်ပေးလှူမည့်သူများအား မေ့ဆေးပေးရန် ပါမောက္ခ ဒေါက်တာ ဦးတင်မြင့် ဦးဆောင်၍ ဆရာဝန်ကြီး ရှစ်ဦး၊ သူနာပြု နှစ်ဦးတို့က ပူးပေါင်းဆောင်ရွက်ကြသည်။

ပါဝင်ဆောင်ရွက်

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းကို ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတိုးလွင် ခေါင်းဆောင်၍ ဆရာဝန်ကြီး ၁၂ဦးနှင့် ခွဲစိတ်ခန်းသူနာပြု ဆရာမကြီး ဒေါ်စောယုမေ ဦးဆောင်သည့် ဆရာမ ၁၃ဦးတို့ ပါဝင်ဆောင်ရွက်ကြသည်။

ကျောက်ကပ်အလှူရှင်ထံမှ ကျောက်ကပ်ထုတ်ယူခြင်းကို နံနက် ၉နာရီ မိနစ် ၄၀တွင် စတင်ဆောင်ရွက်ရာ အလှူရှင် မစန်းထိဘွား အသက်(၂၀) (လူနာ၏ညီမ) ထံမှ ပါမောက္ခဒေါက်တာဦးတိုးလွင်က ဦးဆောင်၍ တွဲဖက်ပါမောက္ခ ဒေါက်တာဦးဘုန်းမြင့်နှင့် အထူးကုဆရာဝန်ကြီး နှစ်ဦးတို့က ထုတ်ယူရာ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ထုတ်ယူပြီးဖြစ်သည်။ ထုတ်ယူထားသော ကျောက်ကပ်ပြင်ဆင်ခြင်းကို ပါမောက္ခ ဒေါက်တာဦးတိုးလွင် ခေါင်းဆောင်သော အထူးကုဆရာဝန်နှင့် သူနာပြုနှစ်ဦးတို့က ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ကြသည်။

အစားထိုးတပ်ဆင်

ဆက်လက်၍ ကျောက်ကပ်အစားထိုး ကုသမှုခံယူမည့် ကျောက်ကပ်ဝေဒနာရှင် မစန်းဖောင်ဘွား (၂၃)နှစ်အား ကျောက်ကပ် ခွဲစိတ်အထူးကုအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဦးတိုးလွင်က ဦးဆောင်၍ ပါမောက္ခ ဒေါက်တာဦးဝင်းမြိုင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးကျော်စွာလှိုင်နှင့် အထူးကုဆရာဝန်ကြီး နှစ်ဦးတို့ဖြင့် နံနက် ၁၁နာရီ ၁၀မိနစ်တွင် စတင်ခွဲစိတ်၍ အစားထိုးကျောက်ကပ်ကို မွန်းလွဲ ၂နာရီတွင် စတင်တပ်ဆင်ရာ ညနေ ၃နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ အစားထိုးတပ်ဆင်လိုက်သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု လုပ်ငန်းအောင်မြင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်တို့ ဦးဆောင်၍ အခြားကျွမ်းကျင်မှုဆိုင်ရာ ကျောက်ကပ် အစားထိုးခွဲစိတ်ခြင်းလုပ်ငန်း အဖွဲ့ဝင်များနှင့် ဆေးရုံဝန်ထမ်းများ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကျောက်ကပ် အစားထိုး ခွဲစိတ်ပြီးနောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့သည် ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်ခဲ့ကြသော ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် စုပေါင်းဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုစကားပြောကြားကြသည်။

ကျန်းမာရေးစောင့်ရှောက်

ယနေ့တွင် ကျောက်ကပ်အလှူရှင် မစန်းထိဘွားအား ကျောက်ကပ်ခွဲစိတ် အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမ ခုနစ်ဦးတို့က လည်းကောင်း၊ ကျောက်ကပ်အစားထိုးကုသမှုခံယူခဲ့သူ မစန်းဖောင်ဘွားအား အထူးကြပ်မတ်ကုသဆောင်၌ ကျောက်ကပ်ဆေးအထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမ ၁၅ဦးတို့ကလည်းကောင်း ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးကုသခြင်းကို ၁၉၉၇ခုနှစ်ကတည်းက အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာတို့၏ အကြင်နာ၊ မေတ္တာပြသည့် ခွဲစိတ်မှုဖြစ်သည်။ မိသားစုအတွင်း တစ်ဦး ကျန်းမာစေရန် တစ်ဦးက ကျောက်ကပ်တစ်လုံး ထုတ်ပေးခြင်းဖြစ်သည်။

ယခုနှစ် (၁၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ရန် ကျောက်ကပ်ဝေဒနာရှင်များအတွင်းမှ ပေးသူ၊ ယူသူ အဆင်ပြေပြေရှာရသည်။ ခွဲစိတ်ပြီး လူနာပေါင်း ၃၄တွဲရှိသည့်အတွက် ယခုခွဲစိတ်မည့် နှစ်တွဲမှာ ၃၅နှင့် ၃၆ မြောက် လူနာများဖြစ်သည်။ အစ်မဖြစ်သူ မစန်းဖောင်ဘွား၏ ကျောက်ကပ်နှစ်ခုလုံး ၈၀ ရာခိုင်နှုန်း ပျက်စီးပြီးဖြစ်ရာ ညီမဖြစ်သူ မစန်းထိဘွားက သူမ၏ကောင်းသော ကျောက်ကပ်နှစ်လုံးအနက် တစ်လုံးပေး၍ ကူညီ အသက်ကယ်ပေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးဆုံးဖြတ်

ယခုကဲ့သို့ ကျောက်ကပ်အစားထိုး ခွဲစိတ်ခြင်း အောင်မြင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီးများနှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ အထူးကုဆရာဝန်များ ညှိနှိုင်းတိုင်ပင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ဝိုင်းဝန်းကူညီပေးသည့် ဌာနများမှ ဆရာဝန်များ၊ ဆရာမများသည် ရန်ကုန်မြို့ တစ်ခုတည်းသာမက နေပြည်တော်နှင့် မန္တလေးမြို့များမှလည်း လာရောက်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အဖွဲ့၊ ဆီးနှင့် ကျောက်ကပ်ဆေးကုအဖွဲ့၊ အထောက်အကူပြုသမားတော်များအဖွဲ့၊ အထွေထွေခွဲစိတ်ကုအဖွဲ့၊ နှလုံးဆေးကုအဖွဲ့၊ နှလုံးနှင့် သွေးကြောခွဲစိတ်အဖွဲ့၊ မေ့ဆေးအဖွဲ့၊ အဏုမြူရောင်ခြည်နှင့် ရောဂါရှာဖွေကုသမှုအဖွဲ့၊ ရောဂါရှာဖွေရေးအဖွဲ့နှင့် ဓာတ်မှန်အဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ခွဲစိတ်ခန်းမကြီးအတွင်း၌ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများက ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (ကျန်းမာရေး)

ရောဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာယူနိုက်တက် F.C အား

Premier Coffee ကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရောဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာယူနိုက်တက် F.C အား Max Cement ကုမ္ပဏီပိုင်အဖြစ်မှ Premier Coffee ကုမ္ပဏီက လွှဲပြောင်းဝယ်ယူခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

မေးမြန်း

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ဒယ်လ်တာယူနိုက်တက်အသင်း CEO ဦးခင်မောင်ကြိုင်က အသင်း၏ လက်ရှိအနေအထားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Premier Coffee ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းရင်က ဒယ်လ်တာယူနိုက်တက်အသင်းအား လွှဲပြောင်းဝယ်ယူရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒယ်လ်တာယူနိုက်တက်အသင်း နာယက ဦးစိုးဟန်လင်းနှင့် Premier Coffee ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းရင်တို့က အသင်းလွှဲပြောင်းဝယ်ယူခြင်းအတွက် စာချုပ်လက်မှတ်ရေးထိုးကြသည်။ ထို့နောက် တက်ရောက်လာသော စာနယ်ဇင်းမီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ဦးဆောင်

ဒယ်လ်တာယူနိုက်တက် F.C သည် ကျင်းပဆဲ MNL Grand Royal 2009 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ငါးပွဲကစားရာ၌ လေးပွဲနိုင်၊ တစ်ပွဲသရေ (၁၃)မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ဒုတိယဝန်ကြီး ဦးတင့်ဆွေ ပုသိမ်-မုံရွာလမ်း လမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေသည် စက်တင်ဘာ ၂၄ရက်တွင် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ကဇွန်းမစခန်း ရှင်းလင်းဆောင်၌ သက်ဆိုင်ရာ လမ်းတာဝန်ခံတို့က လမ်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားပြီး မိုင်တိုင်အမှတ်(၈/၀)အနီးရှိ လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၁၅/၇)ရှိ အမှတ်(၂)ပေါက်တံတား (ရေပြာ)၏ တံတားကြံ့ခိုင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မိုးရွာသွန်းလေသမျှ

၂၉-၉-၂၀၀၉

ကျောက်ပန်းတောင်း	၂ ဒသမ ၂၀ လက်မ
ကိုကိုးကျွန်း	၂ ဒသမ ၄၀ လက်မ
ထားဝယ်	၁ ဒသမ ၀၆ လက်မ
ဘားအံ	၀ ဒသမ ၈၃ လက်မ

အောက်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် စက်တင်ဘာ ၂၉

ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့်ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၀နာရီခွဲတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း ကတ်ဆာနာသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏အရှေ့ အရှေ့တောင်ဘက် မိုင် ၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်သို့ဆက်လက်ရွေ့လျားနေပြီး နာရီအနည်းငယ်အတွင်း ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

စက်တင်ဘာ ၃၀ရက်ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

ပဥ္စမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး

ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲ

ဟောကြားမည့် ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက် ညစဉ် ၇း၃၀နာရီ
ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ပါမောက္ခချုပ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ စနေနေ့ (၃-၁၀-၂၀၀၉)
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ (D.Litt),Ph.D	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက် တနင်္ဂနွေနေ့ (၄-၁၀-၂၀၀၉)
အနောက်ဂန့်ဂေါမုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက် တနင်္လာနေ့ (၅-၁၀-၂၀၀၉)
သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက် အင်္ဂါနေ့ (၆-၁၀-၂၀၀၉)
ပရိယတ္တိသာသနဟိတဓရ ဂန္ထဝါစကဓမ္မာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မုဒုံမြို့ ဓမ္မဒူတရိပ်သာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ(မုဒုံဆရာတော်)	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက် ဗုဒ္ဓဟူးနေ့ (၇-၁၀-၂၀၀၉)
တိပိဋကဓရ၊ တိပိဋက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက် ကြာသပတေးနေ့ (၈-၁၀-၂၀၀၉)
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ	၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက် သောကြာနေ့ (၉-၁၀-၂၀၀၉)

စက်တင်ဘာ ၇ရက်က ထားဝယ်မြို့ ရန်ကြီးအောင်လမ်း လမ်းပေါက်ဖာခြင်း လုပ်ငန်းကို ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်တင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိခင်နို့စနစ်တကျတိုက်ကျွေးရေး ပညာပေးဟောပြောပွဲ ပူတာအိုဌ ကျင်းပ

ပူတာအို စက်တင်ဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုမြို့ ခရိုင်ပြည်သူ့ဆေးရုံတွင် ဩဂုတ် ၁၄ ရက်က မိခင်နို့ချို စနစ်တကျတိုက်ကျွေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ခရိုင်ဆရာဝန် ဒေါက်တာ တင်ဌေး တက်ရောက်၍ ပညာပေးဟောပြောပြီး တက်ရောက်လာသူများအား ဗီတာမင် ဆေးလုံးများ တိုက်ကျွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



လူမှုဝန်ထမ်းဦးစီးဌာန၏အစီအစဉ်

R.T.T RADIO TECHNICAL TRAINING

သင်တန်းသားများခေါ်ယူခြင်း

- Electronic ဘာသာရပ်ကို မြန်မာအတွေး၊ မြန်မာအရေးဖြင့် သင်မည်။
- သင်တန်းတွင်အသုံးပြုသော သင်တန်းအထောက်အကူပြု ပစ္စည်းများထုတ်ပေးမည်။
- Radio Cassette, Television, VCD, Computer Moniter, Satellite Receiver အသုံးပြုနည်း၊ ပြုပြင်နည်းများကို လက်တွေ့ ၈၀%၊ စာတွေ့ ၂၀%၊ ပုံဆွဲ၊ သင်္ချာလေးဘာသာဖြင့် သင်ကြားပေးမည်။ ဤသင်တန်းပြီးဆုံးသည်အထိ တက်နိုင်ပါက သင်တန်းဆင်းလက်မှတ်နှင့် အစိုးရ အသိအမှတ်ပြု စက်ပြင်လိုင်စင် ထုတ်ပေးပါမည်။ သင်တန်းကာလမှာ ခြောက်လဖြစ်သည်။
- အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်းနှင့် အီလက်ထရွန်နစ်အခြေခံမှ တီဗွီပြုပြင်နိုင်သည်အထိ အမှန်တကယ် ကြိုးစားတတ်မြောက်လိုသူများ သင်တန်းလျှောက်လွှာပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

(Mon to Fri 10:00 to 12:30)/Sat to Sun (10:00 to 3:00)

စုံစမ်းရန်လိပ်စာ- ကျောင်းအုပ်၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၆၁၇၁၂ (ရုံးချိန်အတွင်းသာ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်ကုန်းမြေတိုင်းရပ်ကွက်အမှတ် ၃၉၄၊မြေကွက်အမှတ် (၁/ခ^{B}/၂၀၅)မြေချိန်ဧရိယာ ဝ.ဒသမ ဝ၉၄၄၄ဧကရှိမြေကွက်နှင့်(တွဲလျက်ရှိသော)မြေကွက်အမှတ်(၁/ခ^{B}/၂၀၆)မြေချိန်ဧရိယာ ဝ.ဒသမဝ၈၉၈ ဧကအကျယ်အဝန်းရှိကြသော နှစ်(၆၀)ဂရန်မြေကွက်တို့နှင့် ယင်းမြေကွက်များပေါ်ရှိအင်းစိန်မြို့နယ်၊ ၁၀မိုင်ကုန်းအောင်စေတီလမ်း အမှတ်၈၃၇ အေ/ဘီ ဟုခေါ်တွင်သော ဂိုဒေါင်အပါအဝင် ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်မြေအမည်ပေါက်ပိုင်ရှင်ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေပြီး ဖြစ်ပါသည်။

ယင်းမြေကွက်များနှင့်စပ်လျဉ်း၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက စာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြေညာသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A (Law) L.L.B,D.B.L
တရားရုံးချုပ်ရှေ့နေ
ရုံးအမှတ် ၅၈ (ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀-၀၉၁၆၇။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးကျော်မင်း၏ နိုင်ငံကူးလက်မှတ် အမှတ်- ၅၄၇၈၁၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဆက်သွယ်ရန်-ဖုန်း-၅၄၂၄၂၈။**

Foreign Affairs

ရပ်ရှင်ဆန်ဆန် ဟွန်ဒူးရပ်စ်နိုင်ငံရေး ဇာတ်လမ်းထဲက မြေစာပင်ဘရာဇီး၊ နော်ဒင်တော့ဖ်နှင့်အတူ သေဆုံးခဲ့သော အကြမ်းဖက်သမားသုံးဦး၏ ရုပ်အလောင်းမြှုပ်နှံခြင်းကို ဒေသခံများ ဆန့်ကျင်ဆန္ဒပြ၊ အစ္စရေးနှင့်ပယ်လယ်ကွေ့အမေရိကစစ်အခြေစိုက်စခန်းများအထိ ပစ်ခတ်နိုင်သော တာဝေးပစ်ဒုံးကျည်အီရန်စမ်းသပ်၊ ပစ်မှတ်၊ တရုတ်ခွဲထွက်ရေးမှတ်ဆလင်လှုပ်ရှားသူများကို တိုင်ပေလက်ခံမည်မဟုတ်၊ ကိုယ့်အားကိုယ်ကိုး အကြမ်းဖက်နည်းစာအုပ်ပြုစုသူ ထောင် ၁၂နှစ်ကျ၊ လော့ကာဘီဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများ၏ မိသားစုဝင်များနှင့် ကဒါဖီတွေ့ဆုံဟုဆို၊ မအောင်မြင်သော ဗင်နီဇွဲလား အာဏာသိမ်းပွဲ၏ နောက်ကွယ်၌ အမေရိကန်ရှိခဲ့ကြောင်း သမ္မတဟောင်းဂျင်မီကာတာဆို၊ ထိုင်းဘုရင်မင်းမြတ်ကို ဝေဖန်ပုတ်ခတ်မှုများကို သတိထားစောင့်ကြည့်ရန် ထိုင်းကာကွယ်ရေးဝန်ကြီးမှာကြား၊ လပေါ်တွင်ရေတွေ့ပြီ၊ စိတ်ဖြင့်စေခိုင်းနိုင်သည့် တိုက်ခိုက်ရေးစက်ရုပ် ဂျပန်ကျောင်းသားတီထွင်။

မိဘအမည်မှန်

အထက(၁၀)မော်လမြိုင်မြို့၊ နဝမတန်း(E)မှ မစန်းယုမော်နှင့် ပဉ္စမတန်း(A)မှ မောင်လင်းမောင်တို့၏ မိဘအမည်မှန်မှာဦးသန်းဝေ၁၀/မဗမ(နိုင်)၀၀၅၁၆၄ ဒေါ်စန်းစန်းငွေ၁၀/မလမ(နိုင်)၀၆၉၀၃၅ ဖြစ်ပါကြောင်း။

ကားရောင်းမည်

Hilux 5 ချိတ်
CNG လိုင်းကား၊ 83Model
Q----
ကျပ် ၁၅၇သိန်း
ဖုန်း-၀၉-၅၁-၃၅၁၀၇။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)
၁၇ ညအိပ် ၁၈ ရက် - သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 stars Hotel) +
(တပ်ချ်မဟာ+ဝင်ကြေး)+ကိုလ်ကတ္တား ၁၀သိန်းငါးသောင်းစရိတ်ငြိမ်း၊ (အိန္ဒိယလေကြောင်းလိုင်း)

၃၀-၁၀-၂၀၀၉ရက်တွင် လိုက်ပါမည့် ဘုရားဖူးများအား တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ကျင်းပပေးပြီး ကံစမ်းမဲများလည်းထူးထူးခြားခြား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ စားစရိတ်-တည်းခိုစရိတ်- Passport-Visa-Air Ticket- မိတ္တူ-စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေတစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ **ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံးဝ)မဆုံးရှုံးပါ။**

၁၀ ဦးနှင့်အထက်စုစည်းပြီး စာရင်းပေးသွင်းပါက တစ်ဦးလျှင် ကျပ်နှစ်သောင်း၊ ၂၀နှင့်အထက် စုစည်းစာရင်းပေးသွင်းပါက တစ်ဦးလျှင် ငွေကျပ်သုံးသောင်းတိတိလျှော့ပေးမည်ဖြစ်ပြီး ၃၂ ဦး စုစည်းပြီးစာရင်းပေးသွင်းပါက တစ်ဦးကို အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ ၁၂ရက်ခရီးစဉ်တွင် ၁၆ဦးစုစည်းပြီး စာရင်းပေးသွင်းပါက တစ်ဦးကိုအခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။ နိုင်ငံကူးလက်မှတ်ရှိပြီးသူတစ် ဦးလျှင်ကျပ်နှစ်သောင်းတိတိလျှော့ပေးပြီး နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး ၃၅ရက်ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။

ထွက်ခွာမည့်ရက် -အောက်တိုဘာလတွင် (၂)ရက်၊ (၅)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၁၉)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။/နိုဝင်ဘာလတွင် (၂)ရက်၊ (၆)ရက်၊ (၁၃)ရက်၊ (၁၆)ရက်၊ (၂၀)ရက်၊ (၂၇)ရက်၊ (၃၀)ရက်။/ဒီဇင်ဘာလတွင် (၄)ရက်၊ (၁၁)ရက်၊ (၁၄)ရက်၊ (၁၈)ရက်၊ (၂၅)ရက်၊ (၂၈)ရက်။/ဇန်နဝါရီလတွင် (၈)ရက်၊ (၁၁)ရက်၊ (၁၅)ရက်၊ (၂၂)ရက်၊ (၂၅)ရက်၊ (၂၉)ရက်။/ဖေဖော်ဝါရီလတွင် (၅)ရက်၊ (၈)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၂)ရက်၊ (၂၆)ရက်။/မတ်လတွင် (၅)ရက်၊ (၈)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၂)ရက်၊ (၂၆)ရက်။/ဧပြီလတွင် (၂)ရက်၊ (၅)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၁၉)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။

၂-၁၀-၂၀၀၉ ဝါကျွတ်ပွဲတော်တွင်လိုက်ပါမည့် ဘုရားဖူးခရီးသည်များ၏ လေယာဉ်လက်မှတ်သုံးစောင်နှင့် အခြားဆုမဲများ ကံစမ်းမဲပေးပွဲ အခမ်းအနားကို တော်ဝင်နှင်းဆီစားတော်ဆက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း သီပေါမြို့ ရေဦးကျောင်း ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီးမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စဥ့်ကူး၌ကျင်းပ

စဥ့်ကူး စက်တင်ဘာ ၂၂

မြို့နယ်အဆင့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ယှဉ်ပြိုင်

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ အဆိုပြိုင်ပွဲဝင် ၁၃ဦး၊ အကပြိုင်ပွဲဝင် လေးဦးနှင့် အတီးပြိုင်ပွဲဝင် နှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးသန်းနွယ်၊ မြို့နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်နှင့် တာဝန်ရှိသူတို့က ကဏ္ဍအလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

သစ်လုပ်ငန်း ဝန်ထမ်းမိသားစု ပညာသင်စရိတ်ပေးအပ်

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၈

သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း နေပြည်တော် ပျဉ်းမနား သစ်လုပ်ငန်းပင်မအလုပ်ရုံ စုဝေး ခန်းမတွင် ဩဂုတ် ၂၄ရက် နံနက်၉ နာရီက တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ပွဲနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက် အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက အမှာ စကားပြောကြားပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာသင် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းကျော်ကို လက်ထောက် မန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ကျော်မြင့်က ပေးအပ်သည်။ (ဝ၈၄)

သံဖြူဇရပ်၌ သုတကမ္ဘာကျေးရွာစာကြည့်တိုက်ဖွင့်

သံဖြူဇရပ် စက်တင်ဘာ ၂၄

သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာအုပ်စု ပဒိုင်ကြီးကျေးရွာတွင် သတ်မှတ်စံ (၅)ချက်နှင့် ညီညွတ်သည့် သုတကမ္ဘာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားနှင့် စာအုပ်များလှူဒါန်းပွဲကို စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် နှစ်ကိုင်းကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးညွန့်သောင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာအုပ်လှူဒါန်းပွဲကိုကျင်းပရာ ဝေါလ်ဗွီးရှင်း (မြန်မာ)အဖွဲ့မှ တာဝန်ခံ ဦးစောနေသားက တန်ဖိုးငွေကျပ် ၂၂၅၀၀၀ရှိ စာအုပ် ၂၀၀၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသီက စာအုပ်စာစောင်မျိုးစုံ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ဖလမ်း၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဖလမ်း စက်တင်ဘာ ၂၁

ဖလမ်းခရိုင် ဖလမ်းမြို့နယ် မန်ခဲင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး နိုမန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက် ၁၀နာရီက ဖလမ်းမြို့နယ် မန်ခင်းကျေးရွာ အဆိုပါအဆောက်အအုံသစ်မုခ်ဦး၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များ ဖြစ်ကြသော ပျော်ဘွယ်မြို့နယ် တရားသူကြီး ဦးဘွာလ်နှောက်က ၂၁လက်မရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မြင့်သန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမန်းစိန်တို့က EVD ပြစက်တစ်လုံး၊ ဦးငွန်လောင်းမန်းက ငွေပဒေသာပင် ငွေကျပ်တစ်သိန်း၊ ဦးတလွန်လျန်မိသားစုနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းသော ငွေကျပ်တစ်သိန်းတန် ပရိဘောဂများ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းတို့က လှူဒါန်းသော သုတ၊ ရသစာအုပ်မျိုးစုံကို စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေဟသာ်တောရကျောင်းလမ်း လမ်းဘေးပလက်ဖောင်း ကတ်တုံးစီခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း စက်တင်ဘာ ၁၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းပြသစဉ်။ (၁၅၂)

ကျောင်းကျန်းမာရေး တိုင်းရင်းဆေး ပညာပေးဟောပြော

ရွှေကူ စက်တင်ဘာ ၂၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ကျောင်းကျန်းမာရေး တိုင်းရင်းဆေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ရက် နံနက် ၁၁နာရီက ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း လက်ထောက် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ ရွှေကူမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးခန်းမှူး ဒေါ်ခင်ဆွေရည်က ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၏ ဆိုးကျိုးများကို ဆွေးနွေးပြောကြားပြီး ရှောင်ရန်နှင့် မိုးတွင်းကာလ ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရေးနှင့် တိုင်းရင်းဆေးပညာဖြင့် ကုသနိုင်ရေး နည်းလမ်းကောင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ခုနှစ်တွင် ဆောင်ရွက်သော မင်းဘူးမြို့ မြို့သာယာလှပရေး လုပ်ငန်းဖြစ်သည့် အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကြည့်ရှုစစ်ဆေးရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးသန့်ဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘို၌ ယာဉ်/လမ်းစည်းကမ်းပညာပေး ဟောပြော

ရွှေဘို စက်တင်ဘာ ၂၃

ရွှေဘိုဒီဂရီကောလိပ် ရတနာသိင်္ခ ခန်းမ၌ စက်တင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရွှေဘိုဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးရဲမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကိုလည်းကောင်း**(ယာပုံ)**၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဗိုလ်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များကို ရွှေဘိုဒီဂရီကောလိပ် ကျောင်းအုပ်ကြီးထံသို့ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆီဆိုင်မြို့နယ်စည်ပင် ရေပေးဝေရေးရေကန် ကွင်းဆင်းစစ်ဆေး

ဆီဆိုင် စက်တင်ဘာ ၂၀

ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေပေးဝေလျက်ရှိသောရေကန် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် မြို့ရွာများ သန့်ရှင်းသပ်ရပ် သာယာလှပမှုရှိစေရေးအတွက် လေးမျက်နှာမြို့နယ် စည်ပင်ဝန်ထမ်းများ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထုပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဒွေးလှိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရေး စက်တင်ဘာ ၂၅

မွန်ပြည်နယ် ရေးမြို့နယ်တွင် စပါးပိုမိုထွက်ရှိရေးနှင့် ငါးမျိုးများတိုးတက်ရေးကိုရည်ရွယ်၍ ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်နှင့် ဝန်ထမ်းများ ဦးစီးလျက် ဒူးယားကျေးရွာတွင် စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို စက်တင်ဘာ ၉ရက်က ကျင်းပသည်။ (အပေါ်ပုံ)

ငါးမျိုးစိုက်ထည့်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့်ဇနီး၊ အရာရှိစစ်သည်မိသားစုများ၊ မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာ အရာရှိများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်၌ ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး ငွေပဒေသာပင်စိုက်ထူ

ရွှေတောင် စက်တင်ဘာ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက် ၁၀နာရီက ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားသည်။

ဂုဏ်ပြု

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ငွေပဒေသာပင်စိုက်ထူလှူဒါန်းရာ အလှူရှင် ဆည်ကြီးကုန်းအုပ်စု ညောင်ပိုင်းကျေးရွာနေ ဦးရန်ထိုက်လုံ-ဒေါ်ဟုရင်မိသားစုက လှူဒါန်းငွေကျပ်ငါးသိန်းပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က လက်ခံယူပြီး **(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် ညောင်ပိုင်းစာကြည့်တိုက်အတွက် ဦးရန်ထိုက်လုံ-ဒေါ်ဟုရင်မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်ရာ ဆည်ကြီးကုန်းအုပ်စု ကျေးရွာဥက္ကဋ္ဌ ဦးမျိုးဝင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောက်ဦးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

မြောက်ဦး စက်တင်ဘာ ၂၀

မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက်က မြို့မအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြိုင်ပွဲဝင်ဘောလုံးအသင်းကိုးသင်းမှ ကစားသမားများက စစ်ကြောင်းပုံဖြင့် ဂုဏ်ပြုဖွင့်လှစ်သည်။

ယင်းနောက် အောင်တပ်ရပ်ကွက်(ခ)အသင်းနှင့် ညောင်ပင်ဈေးရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပရိသတ်များ ကြည့်ရှုအားပေးကြသည်။ (၁၁၃)

မြဝတီမြို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန(ခရိုင်ရုံး)မှ ကျင်းပသော အလုပ်သမားများ စည်းကမ်းနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ပညာပေးဟောပြောပွဲကို စက်တင်ဘာ၁၃ရက်က မြို့နယ်ရုံး သောင်ရင်းခန်းမ၌ကျင်းပရာ ခရိုင်တာဝန်ခံ မြို့နယ်ဒုတိယဦးစီးဌာနမှူး ဒေါ်မြစန္ဒာဝင်းက ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲကို စက်တင်ဘာ ၁၁ရက်က ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူတစ်ဦးအား ဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

မိုးညှင်းစာနယ်ဇင်း ပညာသင်စရိတ်ပေးအပ်

မိုးညှင်း စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် သားသမီးများအား ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ပညာသင်စရိတ်ပေးအပ်ခြင်းနှင့် နာမကျန်းဖြစ်သော အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၃၁ရက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရန်ပုံငွေမှ တက္ကသိုလ်ဝင် ကျောင်းသားကျောင်းသူခြောက်ဦး၊ ဒီဂရီကောလိပ် ပညာသင်ကျောင်းသူတစ်ဦးနှင့် နာမကျန်းဖြစ်သော အဖွဲ့ဝင်နှစ်ဦးတို့အား စုစုပေါင်းငွေကျပ်၁၁၅၀၀၀ကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ)နှင့်အဖွဲ့က ပေးအပ်ကြကြောင်း သိရသည်။

(ဝ၀၂)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆွေးနွေးပွဲ ကျိုင်းတုံမြို့တွင်ကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၂၂

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ဝေါလ်ဗွီးရှင်းမြန်မာ(ကျိုင်းတုံ)တို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံ ဟိုတယ်သစ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်တင်က အဖွင့်အမှာစကား ပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား ဒုတိယရဲမှူးကြီးညွန့်လှိုင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဝေါလ်ဗွီးရှင်း(မြန်မာ)မှ စီမံချက်မန်နေဂျာ ဒေါက်တာစောအိုင်ဗင်က ဝေါလ်ဗွီးရှင်း၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကလေးသူငယ် စောင့်ရှောက်ရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

တက်ရောက်

ဆက်လက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ကျိုင်းတုံဟိုတယ်၌ စက်တင်ဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင်ကျင်းပရာ ကျိုင်းတုံမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသမီးများဆိုင်ရာ အသိပညာပေး ဟားခါး၌ ဟောပြောပွဲကျင်းပ

ဟားခါး စက်တင်ဘာ ၂၀

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီးများဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ၁၁ရက် နံနက်၉နာရီက ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်ဒေါ်စန်းစန်းလှက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်တရန်ကိပ်မဲန်းက အမျိုးသမီးငယ်များ လွဲမှားသောအယူအဆများမရှိစေရေး အသိပညာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် ၄၀၏ အဖွဲ့ဝင်အဆိုပြုလွှာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ပေးအပ်သည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့သည် သင်တန်းကျောင်းမှ သင်တန်းသူများ၏ လက်မှုပညာများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့သာယာလှပရေးအတွက် မြို့အဝင်လမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် မုဒုံမြို့နယ် မေတ္တာကာရီအသင်းအတွက် လူမှုရေးကူညီမှုအဖြစ် ဒေါ်သန်းမြင့်(သချိုင်) ဘော်ဒါဆောင်မိသားစုက ငွေကျပ် ၃၂၅၀၀၀တန်ဖိုးရှိ မိုးကာနှင့် ဦးထုပ်အစုံ ၅၀ကို စက်တင်ဘာ ၆ရက်က လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်ဦး လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မြင်းမူ၌ အာဟာရပညာပေး ဟောပြော အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

မြင်းမူ စက်တင်ဘာ ၂၀

မြင်းမူမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တတိယပတ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အာဟာရပညာပေးဟောပြောပွဲနှင့် အိုင်အိုဒင်းဆားစစ်ဆေးပွဲ အခမ်းအနားကို မြင်းမူ အထက(ခွဲ) ခန်းမ၌ ဩဂုတ် ၂၁ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညို က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်က အာဟာရအကြောင်း ပညာပေး ဟောပြောသည်။

စစ်ဆေး

ထို့နောက် အိုင်အိုဒင်းဆားအရည်အသွေးစစ်ဆေးပြီး ကျောင်းသားကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ အနာကြီးရောဂါစစ်ဆေးခြင်းနှင့် လည်ပင်းကြီးရောဂါ စစ်ဆေးခြင်းများကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စုစုအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကျော်သောင်းနှင့် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုနှင့်အသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ အင်န်ဂျီအိုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၂၀ခန့် တက်ရောက်ကြသည်။

(၀၃၅)

ခန္ဓာကိုယ်ကြီးထွားမှုစစ်ဆေးခြင်းနှင့် အာဟာရတိုက်ကျွေးခြင်း မူဆယ်ခရိုင်တွင် ကွင်းဆင်းဆောင်ရွက်

မူဆယ် စက်တင်ဘာ ၂၂

မူဆယ်ခရိုင် မူဆယ်မြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် စက်တင်ဘာ ၈ရက်က မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရည်နှင့်အဖွဲ့ဝင်များ၊မြို့နယ်ကျန်းမာရေးမှူး ဒေါ်နန်းရွှေမူနှင့်အဖွဲ့များက ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများပူးပေါင်း၍ မူလတန်းကျောင်းသား ကျောင်းသူများအား GMP Chart ဖြင့် အသက်အရွယ်အလိုက် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုကို တိုင်းတာစစ်ဆေးခြင်းနှင့် အာဟာရတိုက်ကျွေးခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။ **(ယာပုံ)**

၂၀၀၉ခုနှစ် ဇွန် ၂၅ရက်က ပထမအကြိမ်အဖြစ် GMP Chart ဖြင့် တိုင်းတာစစ်ဆေးခဲ့သော အဝါအုပ်စုဝင် ကျောင်းသား ကျောင်းသူများအား တစ်ပတ်လျှင် သုံးကြိမ် အာဟာရ ဆက်တိုက်ကျွေးခဲ့ရာ ယခုအခါ ဒုတိယအကြိမ် ပြန်လည်တိုင်းတာစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် မိခင်နှင့်ကလေး)**

မော်လိုက်မြို့ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကမ်းနားလမ်း လမ်းပခုံးမြေဖို့ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၃ ဦးကျော်မျိုးလွင် ကြီးကြပ် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ခင်ဦး၌ ကျေးလက်အိမ်ရာ တည်ဆောက်ရေးနှင့် သစ်တောစိုက်ခင်း ထူထောင်ရေးဟောပြော

ခင်ဦး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် သစ်တောဦးစီးဌာနက ကြီးကြပ်၍ ကျေးလက်အိမ်ရာ တည်ဆောက်ရေးနှင့် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ ယူကလစ်ပင်၂၀ စိုက်ပျိုးခြင်း တစ်ရွာတစ်ဧကစိုက်ခင်း ထူထောင်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ငါးတင်းကြီးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက ကျေးရွာရှစ်ရွာ အိမ်ထောင်စု ၁၃၅၃ စုအတွက်ကျွန်း ၂၈၅၉ ပင်၊ ယူကလစ်ပင် ၃၀၀၆၀ စုစုပေါင်း ၃၂၉၁၉ ပင်ကို တောင်သူများထံ လွှဲပြောင်းပေးအပ်ပြီး သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ ပူးပေါင်းစိုက်ပျိုးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကျန်းမာရေးပညာပေး စာပေဟောပြော

ရွှေဘို စက်တင်ဘာ ၂၀

ကျန်းမာရေးပညာပေး စာပေဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မင်းမင်းသန့်က လူတုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း၊ တိ/မွေးကုဦးစီးဌာနမှ ဒေါ်တင်တင်ဌေးက ကြက်၊ ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

စက်တင်ဘာ ၃ ရက်က ထားဝယ်မြို့ ကမ်းနားလမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်တင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် ဥက္ကဋ္ဌဒိုင်း ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်

ကျိုက်ထို စက်တင်ဘာ ၂၀

ကျိုက်ထိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ဒိုင်း) ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်း ၁၁သင်းတို့ကချီတက်အလေးပြုကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဇေယျာမွန်ရပ်ကွက်အသင်းနှင့် ကင်မွန်းချောင်းကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာမြို့နယ် (၉)ရပ်ကွက် အတွင်းရှိ အမက(၂၆) ကျောင်း၌ ကျောင်းအုပ် ဆရာကြီး ဦးသောင်းညွန့်၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၈ ရက်က ကျောင်းရက်သတ္တပတ် အာဟာရ ကျွေးမွေးပွဲကို ပထမတန်း (ဇီဇဝါဆောင်) မှ မစိမ့်လဲ့လဲ့ငုဝါ၏ အသက် (၆)နှစ်ပြည့်မွေးနေ့အဖြစ် ကျောင်းသားကျောင်းသူများအား အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။
(ပညာရေး)

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မချိုနွယ်ဝင်း ၁၀/မဒန(နိုင်)၁၀၈၅၄၃ သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို ပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ကိုအောင်မိုးသူ
၁၀/မဒန(နိုင်)၁၀၄၁၃၂။

သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်

ရန်ကုန်တိုင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သဃ်ၤန်းကျွန်းမြို့နယ်တွင် တည်ထားကိုးကွယ်ထားသော သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ၁၃၇၁ ခု သီတင်းကျွတ်လပြည့်နေ့၌ ဂေါပကအဖွဲ့ကကြီးမှူး၍ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ နံနက်ပိုင်းတွင် သီလခံယူဆောက်တည်ပြီး မွန်းလွဲ ၂း၀၀ နာရီအချိန်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော် ဟောကြားနာယူခြင်းနှင့်ညနေ ၃း၀၀နာရီအချိန်တွင် အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲအခမ်းအနားကို ကျိုက္ကစံစေတီတော်ကြီး၏ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များက စုပေါင်းပူဇော်ကြမည်ဖြစ်သည်။

ဂေါပကအဖွဲ့။

အမြန်ရောင်းမည်

၁။ ဒဂုံမြို့သစ် (မြောက်ပိုင်း) စက်မှုဇုန်မြေကွက် ပေ ၄၀ × ပေ ၆၀
၂။ သဃ်ၤန်းကျွန်းမြို့နယ် Rose Garden ရှိ RC နှစ်ထပ် ပေ ၈၀ × ပေ ၉၀
၃။ တာမွေ၊ နှင်းဆီလမ်း၊ ယုဇနပလာဇာအား၊ ပထမထပ်
ဖုန်း-၀၉-၈၀-၃၃၉၀၂၊ ၀၉-၅၀-၅၇၈၈၀။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



"ကံမြင့်ကျောင်းတိုက် တိပိဋကဓရဆရာတော် ပူဇော်ပွဲနှင့် အထူးတရားပွဲ"
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်(၅)ပါး၊
တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်(၂)ပါး၊တိပိဋကဓရဆရာတော်(၄)ပါး

ပူဇော်ပွဲနှင့် ဓမ္မပူဇာသဘင်

ပူဇော်ကျင်းပမည့်အချိန် - နံနက် ၅း၃၀ နာရီတိတိ
ပူဇော်ကျင်းပမည့်ရက် - ၇-၁၀-၂၀၀၉ ရက်(ဗုဒ္ဓဟူးနေ့)
တရားပွဲကျင်းပမည့်အချိန် - ည ၇း၀၀ နာရီတိတိ
ပူဇော်ပွဲနှင့်တရားပွဲကျင်းပမည့်နေရာ - ကံမြင့်ကျောင်းတိုက်၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ရန်ကုန်။

စဉ် ကျင်းပမည့်ရက်	ဟောကြားမည့်ဆရာတော်
၁။ ၁-၁၀-၂၀၀၉ ရက်	တိပိဋကဓရဆရာတော် အရှင်ကောဏ္ဍည
၂။ ၂-၁၀-၂၀၀၉ ရက်	တိပိဋကဓရတိပိဋကကောဝိဒ စွန်းလွန်းဆရာတော် အရှင်သုန္ဒရ
၃။ ၃-၁၀-၂၀၀၉ ရက်	တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ
၄။ ၄-၁၀-၂၀၀၉ ရက်	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် အရှင်ဝါယမိန္ဒာဘိဝံသ
၅။ ၅-၁၀-၂၀၀၉ ရက်	တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မြင်းမူဆရာတော် အရှင်ဝံသပါလာလင်္ကာရ
၆။ ၆-၁၀-၂၀၀၉ ရက်	တိပိဋကဓရအရှင်အဘိဇာတာဘိဝံသ
၇။ ၇-၁၀-၂၀၀၉ ရက်	တိပိဋကဓရတိပိဋကကောဝိဒ ရာမညဆရာတော် အရှင်ကုဏ္ဍပါလ
၈။ ၈-၁၀-၂၀၀၉ ရက်	တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ

မှတ်ချက်။ ။တိပိဋကဓရဆရာတော်ကြီး (၁၁)ပါးအတွက် အလှူခြင်းတစ်ခြင်းလျှင် ကျပ်၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မိမိတို့သဒ္ဓါတတ်အားသရွေ့နှစ်သက်ရာ ဝတ္ထု၊ သင်္ကန်း၊ ဖိနပ်၊ ထီး၊ ယပ်နှင့် ပစ္စည်းလေးပါးတို့ကိုလည်းကောင်း လှူဒါန်းနိုင်ပါသည်။ ကံမြင့်ဝေယျာဝစ္စအဖွဲ့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

အစိုးရအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး စနစ်တကျဆောင်ရွက်လျက်ရှိ

ပါတီများဖွဲ့စည်းနိုင်ရေးနှင့် ရွေးကောက်ပွဲဝင်နိုင်ရေး ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းမည်

မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများကို နိုင်ငံရေးဖိအားပေးရန် လက်နက်သဖွယ်အသုံးချနေ

ကန့်သတ်ပိတ်ဆို့မှုများသည် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုများကို အဟန့်အတားဖြစ်စေ

အင်အားကြီးနိုင်ငံအချို့၏ ထိုလုပ်ရပ်များသည် တရားမျှတမှုမရှိသဖြင့် ရပ်တန့်သင့်ပြီ

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၂၈ ရက်တွင် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။ အဆိုပါ အထွေထွေမူဝါဒရေးရာမိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်-

သဘာပတိကြီးခင်ဗျား -

(၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ သဘာပတိအဖြစ် အဆွေတော်အား ထိုက်ထိုက်တန်တန် အရွေးချယ်ခံရတဲ့အတွက် လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုအပ်ပါတယ်။

(၆၃)ကြိမ်မြောက် အထွေထွေညီလာခံကို ထက်ထက်မြက်မြက် ဦးဆောင်ခဲ့တဲ့ သဘာပတိ မစ္စတာ မီဂွဲလ် ဒက်စကိုတို ဘရော့က်မင်း ကိုလည်း အထူးလေးစား ဂုဏ်ပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ပြီးခဲ့တဲ့နှစ်ကစတင်ခဲ့တဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းဟာ ပြန်လည်နာလန်ထူစပြုတဲ့ အရိပ်လက္ခဏာများ ပြနေပါတယ်။ ဒါပေမယ့် နိုင်ငံကြီးငယ်အများအပြားဟာ ပြင်းထန်တဲ့စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ ဒီအကျပ်အတည်းဟာ ဖွံ့ဖြိုးပြီးနိုင်ငံများက စတင်ခဲ့တာ ဖြစ်ပေမယ့် အထိအနာဆုံး နိုင်ငံများကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ပါတယ်။ စီးပွားရေးနာလန်ထစ အခြေအနေဟာ ဝင်ငွေနည်းတဲ့နိုင်ငံများကို ထိရောက်စွာ ဆွဲတင်ပေးနိုင်ဖို့ လိုအပ်လျက်ပင် ရှိပါတယ်။

အကူအညီ

ဖွံ့ဖြိုးပြီးနိုင်ငံများက ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းကို ဦးဆောင်ဖြေရှင်းနေတာကို ထောက်ခံပါတယ်။ ဒီလိုဖြေရှင်းကြရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ သဘောထားအမြင်နဲ့ လိုအပ်ချက်များကိုလည်း G-8 နဲ့ G-20 နိုင်ငံများရဲ့ သဘောဆန္ဒများနဲ့အတူ

စာမျက်နှာ ၈ ကော်လံ ၁ ●